မြန်မာနိုင်ငံ
ကက်သလစ်
ဆရာတော်များ
အဖွဲ့ချုပ်
သတင်းဂျာနယ်

# the CBCM Herald

နောင်တရကြ၍
ဧဝံဂေလိတရားတော်ကို
ယုံကြည်ကြလော့
မာကု ၁း၁၅

မတ်လ ၂၀၂၀ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၅) အမှတ် (၃)




## တောင်ငူ ဂိုဏ်းအုပ်သာသနာ မှ ရဟန်းသိက္ခာ တင်ပွဲ နှင့် မယ်တော် သခင်မ ပွဲတော်ကြီး။

စာ - ၁၂

## ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကူးစက်ရောဂါပြဿနာနှင့်ပတ်သက်၍ ရန်ကုန်ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော် နှင့် အာရှတိုက်၏ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌဖြစ်သောကာဒီနယ် ချားလ်စ်မောင်ဘို၏ သဘောထားထုတ်ပြန်ချက်

ချစ်မိတ်ဆွေအပေါင်းတို့၊သင်တို့အားလုံးအပေါ်သို့ ခရစ်တော်၏ ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ။ကမ္ဘာတစ်ဝန်း၌ ယခုဖြစ်ပေါ်နေသော ကြောက်မက်ဖွယ် ကိုရိုနာဗိုင်းရပ်စ် (COVID-19) မှာ နိုင်ငံပေါင်း (၁၆)နိုင်ငံသို့ ကူးစက်ပြန့်ပွားလျက်ရှိနေပြီဖြစ်သည်။ အဆိုပါ ရောဂါပိုးကူးစက်ခံရသူ (၈၅၀၀၀)ကျော်ရှိခဲ့ပြီး လူနာပေါင်း (၃၀၀၀)ခန့်မှာလည်း အသက် ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ သန်းပေါင်း (၅၀၀)နီးပါးရှိသော လူတို့မှာ ခရီးသွားလာခွင့် ပိတ်ပင်ခံရခြင်း၊ မိမိတို့အိမ်တွင်း၌သာ နေထိုင်ရန် ကန့်သတ်ခံရခြင်းစသည့် ဆိုးရွားလှသော အခြေအနေမျိုးနှင့် ရင်ဆိုင်နေရပါသည်။ ရောဂါဖြစ်ပွားရသည့်အကြောင်းရင်းနှင့် ယင်းအတွက်ကာကွယ်ဆေးမှာလည်း အဖြေရှာရခက်ခဲသော အနေအထား၌ပင် ရှိနေပါသေးသည်။ တရုတ်၊ တောင်ကိုရီးယား၊ အီရန်နှင့် အီတလီနိုင်ငံတို့မှာ နားလည်ရခက်ခဲသော ကပ်ဆိုး၏ထိုးနက်ချက်ကို အဓိကကြုံတွေ့ခံစားရသောနိုင်ငံများဖြစ်ကြသည်။ ယခင်က ဆားရ်စ်(SARS) မားရ်စ် (MARS)စသည့် ကပ်ရောဂါဆိုးများကျရောက်ခဲ့ပြီး ယခုအခါ (COVID-19)ခေါ် ကိုရိုနာ ဗိုင်းရပ်စ်ကို ကျွန်ုပ် တို့ရင်ဆိုင်နေရပြီဖြစ်သည်။ အဆိုပါဗိုင်းရပ်စ်သည် အလျင်အမြန်ကူးစက်ပြန့်ပွားလျက်ရှိရာ အင်အားကြီးနိုင်ငံကြီးများပင် ၎င်းကို ကြောက်ရွံ့ရသော အခြေအနေသို့ ရောက်ရှိနေလေပြီ။ ကမ္ဘာတစ်ဝန်းသို့ ဗိုင်းရပ်စ်ပိုးကူးစက်မှုမှာ ကြောက်မက်ဖွယ်ကောင်းလှသည်။ ယင်းကြောင့် နိုင်ငံများစွာတွင် စီးပွားရေး ထိခိုက်ကျဆင်းမှုကို ကြုံတွေ့နေရသည်။ နိုင်ငံတကာခရီးသွားလာခြင်းများလျော့ကျသွားပြီး ခရီးသွားလုပ်ငန်းမှာလည်းများစွာ ထိခိုက် နစ်နာလျက်ရှိသည်။ ၎င်းသည် ကမ္ဘာ့ကို ဖျက်ဆီးမည့် ကပ်ဆိုးမဟုတ်သော်ငြားလည်း ကမ္ဘာကုလသမဂ္ဂကျန်းမာရေးအဖွဲ့ (WHO)က ထိုကပ်ရောဂါကို လူသားမျိုးနွယ်စုအပေါ်သို့ အဆိုး

စာမျက်နှာ - ၈ သို့



## ဂါတွင်းကာလ ဖေဖော်ဝါရီ(၂၆)မှ ဧပြီ(၁၂) သခင်ယေရှုရှင်ပြန်ထမြောက် သော ပွဲနေ့ကြီးတိုင် လက်တွေ့ကျကျ နေ့စဉ် ကျင့်ကြံကြိုးစား အားထုတ်နိုင်ရန် နှိုးဆော်ချက်

စာမျက်နှာ - ၉ သို့

## ဓမ္မအာဇာနည် သူတော်မြတ် တင်မြှောက်ခြင်းခံရသော ဘုန်းတော်ကြီး အာရ်ဖရေးဒိုခရေမိုနေးဆီ အားဂုဏ်ပြုပွဲ ကျေးဇူးတော်ချီးမွမ်းခြင်းမစ္စားတရားတော်မြတ် (တောင်ငူသာသနာ )

စာ - ၁၃





FR. CREMONESI အား မြှပ်နှံထားခဲ့သောနေရာ

အယ်ဒီတာ့ အာဘော်

# ပြန်လည်ကျေအေးသင့်မြတ်ခြင်း


နောင်တယူ၍ သူ့ထံသို့ပြန်လာဖို့၊ ဧဝံဂေလိတရားတော်ကို ယုံကြည်ဖို့၊ ယေဇူးဘုရားရှင်က ကျွန်တော်တို့ကို ဝါတွင်းကာလမှာ ဖိတ်ခေါ်နေပါတယ်။ ပြန်လည် ကျေအေး သင့်မြတ်ခြင်းကိုလည်း ဖော်ဆောင်ရာကာလဖြစ်ပါတယ်။ ဘုရားရှင်နှင့် လူသားတို့အကြား၊လူသားတို့အချင်းချင်းအကြား၊ လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့အကြား ပြန်လည် ကျေအေးသင့်မြတ်ခြင်းကို ပြုကြဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘုရားရှင်နှင့် ပြန်လည် ကျေအေး သင့်မြတ်တတ်ကြတယ်။ ဘုရားရှင်က ကျွန်တော်တို့ နောင်တရတဲ့အခါ ခွင့်လွှတ်တော်မူတယ်။ ခွင့်လွှတ်ဖို့ရန်လည်း အဆင်သင့် အမြဲရှိနေပါတယ်။ လူသားအချင်းချင်း ကျေအေးမှုမှာတော့ အချိန်ကြာတတ်ပါတယ်။ အချိန်လည်းယူတတ်ပါတယ်။ ဒီလိုဖြစ်ရတာကတော့ ကျွန်တော်တို့ကိုယ်စီရဲ့မာနကြောင့်ဖြစ်ပါတယ်။ မာနရှိခြင်းရဲ့ ရလဒ်သည် ကောင်းကျိုး မပြုတာကိုသိနေ၊ မြင်နေလျက်ပင် မာနကိုအခြေခံပြီး အမြတ်ဒေါသ တဖွဖွထွက်နေတတ်ကြပါ သေးတယ်။ ဒေါသရဲ့ပူလောင်မှု ငြိမ်းအေးလာဖို့၊ မာနရဲ့မောက်မာမှုနိမ့်ကျလာဖို့ အချိန်ယူကြရတာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ကျေအေးမှုကို ခံစားရသူ အချင်းချင်း ကျေအေးမှုကို ဝေမျှကာသင့်မြတ်မှုကို ပြန်လည်၍အရယူရမှာ ဖြစ်ပါတယ်။ ဘုရားသခင်က ခွင့်လွှတ်ကျေအေးဖို့ အဆင်သင့်ရှိတယ်။ လူသားအချင်းချင်း ခွင့်လွှတ်ကျေအေးဖို့ အချိန်ယူတယ်။ သို့သော်လည်း လူသားတို့ဟာ သဘာဝပတ်ဝန်းကျင်နဲ့ ပြန်လည်ကျေအေးဖို့ရန် မေ့နေရုံမက၊ ပြန်လည်ကျေအေးဖို့ရန် လိုအပ်တယ် ဆိုတာကိုပင် တချို့မှာ သိဟန်မတူပါဘူး။ ဒါကြောင့်လည်း လူသားတို့ဖန်တီးသော ဘေးအန္တရာယ်နဲ့ ရောဂါ အမျိုးမျိုးလို့ဆိုနိုင်တဲ့ အခြေအနေများကို ကျွန်တော်တို့ ကြုံတွေ့ကြရပါတယ်။ ဒီလိုတွေ့ကြုံရတဲ့ အခြေအနေများကြောင့် ကျွန်တော်တို့ လူသားများသည် သဘာဝပတ်ဝန်းကျင်နှင့် ကျေအေးမှု ပြန်လည်ရရှိလာရအောင် လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် ပြန်လည် ကျေအေးသင့်မြတ်ကြဖို့ အလေးထား ဖိတ်ခေါ်ခြင်းခံရတဲ့ ဒီဝါတွင်းအချိန်ကာလမှာ စတင်ကာ လုပ်ဆောင်ကြဖို့ဖြစ်ပါတယ်။ လူသားတို့အားလုံး ဘေးအန္တရာယ်အမျိုးမျိုး၊ ကပ်ရောဂါဘေးအမျိုးမျိုးမှ ကင်းဝေး ကြပါစေအကြောင်း ဆုတောင်းပေးပါတယ်။ ပြန်လည် ကျေအေးသင့်မြတ်ခြင်းဖြင့် အေးချမ်း သာယာလုံခြုံမှုကို ခံစားရရှိ ကြပါစေ။

> လူတစ်ဦးသည် အခြား တစ်ဦးအပေါ် ပြစ်တင်စရာရှိလျှင်လည်း တစ်ဦးကိုတစ်ဦး သည်းခံလျက် ခွင့်လွှတ်ကြလော့။ ဘုရားသခင်သည် သင်တို့ကို ခွင့်လွှတ်တော်မူခဲ့သည့်နည်းတူ သင်တို့သည်လည်း အချင်းချင်း ခွင့်လွှတ်ကြရမည်။ အထူးသဖြင့် ခပ်သိမ်းသောအရာတို့ကို လုံးလုံးလျားလျား သင့်မြတ်စေခြင်းဖြင့် ပေါင်းစည်းပေးသော ချစ်ခြင်းမေတ္တာကိုလည်း ဆွဲကိုင်ထားကြလော့။
>
> ကော်လောဆဲ ၃း၁၃



## ၂၀၂၀ခုနှစ်၊ မတ်လအတွက် ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်း မေတ္တာရည်ရွယ်ချက်

တရုတ်နိုင်ငံ၌ရှိသော သာသနာတော်သည် ဧဝံဂေလိတရားတော်ကို ယုံကြည်ခြင်းရှိမှု၌ မဆုတ်မနစ် လုံ့လထုတ်နိုင်ကြပြီး၊ စည်းလုံးညီညွတ်ခြင်းရှိမှု၌ပို၍အားကောင်းလာနိုင်စေပါမည့်အကြောင်း ကျွန်ုပ်တို့ ဆုတောင်းကြပါသည်။







**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**ထုတ်ဝေသူ**
ဖာသာရ် မာရီယာနို စိုးနိုင်

**အယ်ဒီတာချုပ်**
ဖာသာရ် ပေါ်လီနူး မြတ်ကြိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

**ဒီဇိုင်းဖွဲ့စည်းပုံ** - မာရီယား စံမေနွယ်

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ဖြန့်ချီရေးတာဝန်ခံများ**
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ငွေလွှဲရန်**
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
အိလဲ့ဖြူ (၅/ရဘန(နိုင်)၂၅၅၈၅၇)

**ဆက်သွယ်ရန်**
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်၏ ၂၀၂၀ ခုနှစ်အတွက် ဝါတွင်းသတင်းစကား

"သင်တို့သည် ဘုရားသခင်နှင့် ပြန်လည်ကျေအေးသင့်မြတ်ကြမည့်အကြောင်း ခရစ်တော်၏ကိုယ်စား ငါတို့တောင်းပန်ပါ၏" (၂ ကောရိန်သု - ၅း ၂၀) ချစ်လှစွာသော ညီအစ်ကို မောင်နှမအပေါင်းတို့၊ ဘုရားသခင် ပေးအပ်တော်မူသော ယခုနှစ်သည် ယေရှုဘုရား၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း နက်နဲဖွယ်ရာကို အသစ်သော နှလုံးသားများဖြင့် ကျင်းပအောက်မေ့ရန် ပြင်ဆင်ရမည့် ကျေးဇူးတော် အချိန်အခါအဖြစ် ရောက်ရှိလာပြန်ပါသည်။ ယင်းသည် ကျွန်ုပ်တို့ တစ်ဦးချင်းဖြင့်သော်လည်းကောင်း၊ အများနှင့်သော်လည်းကောင်း သက်ဆိုင်နေသည့် ခရစ်ယာန်ယုံကြည်ခြင်း၏ ထောင့်ချုပ်ကျောက် တစ်ခုလည်း ဖြစ်ပေသည်။ ၎င်းနက်နဲဖွယ်ရာ၏ ဝိညာဉ်ခွန်အားများကို ရယူပြီး လွတ်လပ် ရက်ရောစွာတုန့်ပြန်သည့် ပမာဏအတိုင်း ကျွန်ုပ်တို့အတွင်း၌ ရှင်သန်ကြီးထွားလျက် ရှိနေသည်မို့ ကျွန်ုပ်တို့သည် ထိုနက်နဲဖွယ်ရာသို့ စိတ်ရောကိုယ်ပါ အစဉ်မပြတ် ပြန်လှည့် ထောက်ရှုနေရပေမည်။


၁။ အကျင့်တရားပြောင်းလဲခြင်း၏ အခြေခံ ဖြစ်သော ပါစကားနက်နဲဖွယ်ရာ ခရစ်ယာန်ပျော်ရွှင်ခြင်းသည် ယေရှုဘုရား၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း သတင်းကောင်းကို နားထောင်လက်ခံခြင်းမှ စီးဆင်းလာသည်။ ၎င်းသည် အလွန်စစ်မှန်၍ နက်ရှိုင်းသော မေတ္တာတရား၏ နက်နဲဖွယ်ရာကို အနှစ်ချုပ်ထားခြင်းဖြစ်ကာ ကျွန်ုပ်တို့အားလည်း ပွင့်လင်းလျက် သီးပွင့်ဖြစ်ထွန်းသော အပြန်အလှန်ပြောဆိုနားထောင်တတ်ရန် ဖိတ်ခေါ်နေသည်။ ဤသတင်းစကားကို လက်ခံယုံကြည်သောသူဟူသမျှသည် ကျွန်ုပ်တို့ဘဝကို ကျွန်ုပ်တို့ ကြိုက်သလို ချယ်လှယ် ပြုမူနိုင်သည်ဟူသော မှားယွင်းသော အလိမ်အညာ အယူအဆကို ငြင်းပယ်သောသူဖြစ်သည်။ အမှန်ကား ကျွန်ုပ်တို့ဘဝအသက်တာသည် အသက်ကို ကြွယ်ဝစွာ ရရှိစေလိုသော အဖခမည်းတော်ဘုရား၏ မေတ္တာတော်မှ ဖြစ်တည်လာခြင်းပင်။ လိမ်ညာဖြားယောင်းတတ်သော နတ်ဆိုး၏ သွေးဆောင်စကားကို နားထောင်မည်ဆိုလျှင် လောကငရဲကဲ့သို့သော ကြောက်ခွဲဖွယ် အနိဋ္ဌာရုံများကို ဝမ်းနည်းစွာ တွေ့ကြုံရင်ဆိုင်ရသည့်အခါ နစ်မြုပ်ကျရှုံးခြင်းသို့ ဦးတည်ကျရောက်သွားနိုင်သည်။ ၂၀၂၀ခုနှစ် ဤဝါတွင်းသတင်းစကားထဲ၌ "ခရစ်တော်သည် အသက်ရှင်လျက်ရှိသည်" ဟူသော လူငယ်များအတွက် ဦးတည်ထုတ်ပြန်ထားသည့် ကျွန်ုပ်၏ စာချွန်တော်ထဲမှ ကောက်နုတ်ကာ ခရစ်ယာန်ဘာသာဝင်များနှင့် ဝေမျှသွားလိုပါသည်။ "ကားစင်ပေါ်၌ ဆန့်တန်းနေသော ခရစ်တော်၏ လက်များကို အာရုံစိုက်၍ ကြည့်ပါ။ ၎င်းအားဖြင့် သင်ကိုယ်တိုင် အကြိမ်ကြိမ် ကယ်တင်ခြင်းခံရပါစေ။ သင့်အပြစ်များကို အာပတ်ဖြေ ဝန်ခံသည့်အခါမှာ ကိုယ်တော်၏ သနားကရုဏာသည် သင်၏အပြစ်အား ဖြေလွတ်ပေးသည်ကိုယုံကြည်ပါ။ ကြီးမားသော မေတ္တာအဟုန်ဖြင့် စီးထွက်လာသောကိုယ်တော်၏အသွေးတော်ကိုထောက်ရှုကြည့်ပါ။ ၎င်းအားဖြင့် သင့်အပြစ်တွေ သန့်စင်ပါစေ။ ထိုနည်းအားဖြင့် လူသစ် တဖန်ပြန်လည်မွေးဖွားနိုင်ပေသည်" (နံပါတ် ၁၂၃)။ သခင်ယေရှု၏ ပါစကားနက်နဲဖွယ်ရာသည် အတိတ်က အဖြစ်ပျက်ကို ပြန်အောက်မေ့ခြင်းသက်သက်မဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် အမှန်တကယ် ဖြစ်တည်နေသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာကို ဝေဒနာခံစားနေရသူများ၌ ယုံကြည်ခြင်းဖြင့်တို့ထိ၊ မြင်တွေ့ရနိုင်သည်။

၂။ "အကျင့်တရားပြောင်းလဲရန် အရေးတကြီးလိုအပ်မှု" ပါစကားနက်နဲဖွယ်ရာအားဖြင့် ဘုရားရှင်၏ ကရုဏာမေတ္တာတော်ကို ကျွန်ုပ်တို့ခံစားရရှိကြောင်း ပို၍ ထောက်ရှုရန် သင့်မြတ်လှသည်။ ကျွန်ုပ်ကို ချစ်သောကြောင့် အသက်ပေး၍ အသေခံပြီး၊ ရှင်ပြန်တော်မူသည့် ခရစ်တော်နှင့် ရင်းနှီးသော သူငယ်ချင်းတစ်ယောက်ပမာ မျက်နှာချင်းဆိုင် ရင်းနှီးတွေ့ကြုံခြင်းရှိမှသာလျှင် ဘုရားရှင်၏ သနားခံရခြင်း အတွေ့ကြုံကလည်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ဝါတွင်းကာလ၌ ဆုတောင်းခြင်းသည် အရေးကြီးသည်။ တာဝန်ဝတ္တရားတစ်ခုလိုမဟုတ်ဘဲ ဘုရား၏မေတ္တာကို တုန့်ပြန်ရန် ကျွန်ုပ်တို့၏ လိုအပ်ချက်တစ်ခုကဲ့သို့ဖြစ်ရမည်။ ဘုရား၏ မေတ္တာနှင့် မထိုက်တန်သော်လည်း အချစ်ခံနေရသေး၏။ ပုံစံအမျိုးမျိုးနှင့် ဆုတောင်းကြသော်လည်း ဘုရားသခင်၏ ရှေ့၌ အရေးကြီးသည်မှာ စိတ်အတွင်းထဲ၌ စိမ့်ဝင်၍မာကြောနေသောနှလုံးသားကို နူးညံ့ပြောင်းလဲစေကာ ဘုရားသခင်၏ အလိုတော်ကို လိုက်ကျင့်ရန် စိတ်ပိုင်းဖြတ်ခြင်းသာလျှင် ပဓာနကျသည်။ ကျေးဇူးတော်နှင့် ပြည့်ဝသော ဝါတွင်းအချိန်အခါမှာ ကျွန်ုပ်တို့ကိုယ်ကို အီစရာအဲလ် လူမျိုးများကဲ့သို့ သဲကန္တာရထဲသို့ ခေါ်ဆောင်သွားရမည်။ သို့မှသာ ဘုရားသခင်နှင့် ကျွန်ုပ်တို့အတွင်းမှ အသံကို ကြားရပြီး တုန့်ပြန်နိုင်ပေလိမ့်မည်။ နှုတ်ကပါတ်တော်နှင့် ပြည့်ဝလေလေ၊ ဘုရားသခင်၏ ကရုဏာမေတ္တာကိုလည်း ခံစား ရလေလေ ဖြစ်သည်။ ဤကျေးဇူးတော်အချိန်အခါကို အချည်းအနှီး မဖြစ်စေပါနှင့်။ ဘုရားသခင်ထံ ပြန်လှည့်၍ အကျင့်ပြောင်းလဲနိုင်သော ဤအချိန်သမယကို မိုက်မဲသော အရာများနှင့် မကုန်ဆုံးစေပါနှင့်။

၃။ မိမိ၏သားသမီးများနှင့် အပြန်အလှန်ပြောဆိုရန် ဘုရားရှင်၏ ပြင်းပြသောဆန္ဒ ကျွန်ုပ်တို့အကျင့်တရားပြောင်းလဲရန်အတွက် ဘုရားသခင်မှအခွင့်အရေးပေးခြင်းကို အလကားသက်သက် မမှတ်ယူသင့်ပါ။ အခွင့်အရေးသစ်သည် ကျေးဇူးတရားသိတတ်ခြင်းကို နိုးဆွပေးရာအကြောင်းဖြစ်စေပြီး၊ ကျွန်ုပ်တို့၏ ပျင်းရိခြင်းကို လှုပ်နိုးပေးသောအရာဖြစ်သင့်သည်။ တခါတရံ မကောင်းမှု အပြစ်ဒုစရိုက်များ ပြုမိသော်ညားလည်း ကျွန်ုပ်တို့ ကယ်တင်ခြင်းခံရရန် ဘုရားရှင်ဖက်မှ အစဉ်မပြတ် ဆက်သွယ် ပြောဆိုနေလျက်ရှိသည်။ ကားစင်တင်ခံရသော ခရစ်တော်သည် အပြစ်ကိုမသိ၊ မပြုလုပ်သော်လည်း ကျွန်ုပ်တို့အတွက် အပြစ်ကို ခံထမ်းခဲ့သည်။ ဘုရားသခင်၏ ကယ်တင်လိုသောဆန္ဒဖြင့် ကျွန်ုပ်တို့၏ အပြစ်ဝန်ထုပ်အောက်၌ ခမည်းတော်ဘုရားသည် သူ၏ သားတော်အား ခံထမ်းစေခဲ့သည်။ ထိုအကြောင်းကို ပုပ်ရဟန်းမင်းကြီး ဘက်နဒစ်အရှင် သူမြတ်က "မိမိကိုယ်ကို ဆန့်ကျင်၍ ဘုရား၏ ငဲ့ကွက်ကယ်တင်ခြင်း" အဖြစ် ဖော်ပြခဲ့သည်။ ပါစကား နက်နဲဖွယ်ရာအားဖြင့် ကျွန်ုပ်တို့ အယောက်စီတိုင်းနှင့် ဘုရားသခင် တည်ဆောက်လိုသော ဆွေးနွေးပြောဆိုခြင်းမှာ အရေမရ အဖက်မရ အနှစ်မရှိ ပြောဆိုတတ်ခြင်းမျိုးဖြင့် အချိန်ကုန်စေခြင်း မဟုတ်ပေ။ "အေသင်မြို့သူ မြို့သားများနှင့် ထိုမြို့တွင် နေထိုင်ကြသော တိုင်းတစ်ပါးသားတို့သည် ဆန်းသစ်သော အရာများကို ပြောဆိုခြင်းနှင့် ကြားနားခြင်းတို့ဖြင့်သာ အချိန်ကုန်လွန်စေကြ၏" (တမန်တော်ဝတ္ထု၁၇ း၂၁)။ ဤသို့သော အပေါ်ယံ အနှစ်မဲ့ ပြောဆိုခြင်းသည် ခေတ်အဆက်ဆက်တိုင်း၏ လောကီဆန်ခြင်းကို ဖော်ပြနေသည်။ ယခု ကျွန်ုပ်တို့ခေတ်မှာလည်း မီဒီယာကို အကောင်းဖက်၌ အသုံးမပြုတော့ဘဲ အချိန်ဖြုန်းခြင်းဖက်သို့ ဦးတည်နေတော့သည်။

၄။ ချမ်းသာကြွယ်ဝမှုသည် ဝေမျှရန်၊ သိမ်းထားရန်မဟုတ်။ ပါစကားနက်နဲဖွယ်ရာကို ကျွန်ုပ်တို့ ဘဝ၌ ဗဟိုပြုထားခြင်းသည် တစ်ပါးသူ၏ ဒဏ်ရာများကို စာနာခံစား တတ်ခြင်းဖြစ်သည်။ စစ်မက်များ၊ သတ်ဖြတ်မှုများ၊ သန္ဓေ တည်စမှစ၍ အိုမင်းသည်အထိ ခံရသော အမျိုးမျိုး အကြမ်းဖက်မှုများကြောင့် ဒဏ်ရာသင့် ဝေဒနာခံစားနေရသူများ၌ ကားစင်တင်ခံရသောခရစ်တော်ကို မြင်တွေ့ခံစားတတ်ခြင်းပင်ဖြစ်သည်။ ကမ္ဘာနှင့်အဝှမ်းမှာလည်း သဘာဝကပ်ဘေးများ၊ သံယံဇာတ ခွဲဝေမှု မမျှတခြင်းများ၊ လူကုန်ကူးမှုများ၊ ခေါင်းပုံဖြတ် အမြတ်ကြီးစားမှုများလည်း ဖြစ်ပျက်လျက် ရှိနေသည်။ ယင်းသည် ဘုရားထက် တခြားအရာများကို ကိုးကွယ်ခြင်း ရောဂါတစ်မျိုးပင် ဖြစ်လာသည်။ ယနေ့မှာလည်း လိုအပ်နေသူများနှင့် အလှူဒါနပြုခြင်းအားဖြင့် ပေးကမ်းဝေမျှရန် စိတ်နှလုံးကောင်းရှိသူတိုင်းအား ကျွန်ုပ်တောင်းဆိုပါသည်။ မျှဝေခြင်းအားဖြင့် သာ၍ကောင်းသော ကမ္ဘာသစ်တစ်ခုကို ကျွန်ုပ်တို့ တည်ဆောက်နိုင်သည်။ မေတ္တာပါသောအလှူသည် ကျွန်ုပ်တို့အား ပို၍ လူသားဆန်စေသည်။ မိမိတစ်ဖို့တည်း သိမ်းဆည်းထားခြင်းသည် လူမပီသဘဲ မိမိအတ္တဖြင့် မိမိကိုယ်ကို အကျဉ်းကျစေသည်။ ကျွန်ုပ်တို့၏ လူမှုစီးပွားရေး ဖွဲ့စည်းမှုပိုင်းဆိုင်ရာများအထိ ဖြန့်ကျက်စဉ်းစားကြရမည်။ ထိုအတွက်ကြောင့် တရားမျှတ၍ အကျိုးတူခံစားခွင့်ရှိသော စီးပွားရေးလမ်းကြောင်းတစ်ရပ်ကို ဖော်ဆောင်ရန် ရည်ရွယ်သောအားဖြင့် လူငယ်စီးပွားရေးသမားများ၊ ပြောင်းလဲခြင်းကို ဖော်ဆောင်လိုသူများအား ဖိတ်ခေါ်ကာ အစည်းအဝေးတစ်ရပ်ကို အာစီစီမြို့၌ ယခင်နှစ် မတ်လ ၂၆ မှ ၂၈ အထိ စီစဉ်ပြုလုပ်ခဲ့သေးသည်။ နိုင်ငံရေးသည် ကရုဏာလုပ်ငန်းကို အထူး

စာမျက်နှာ - ၅ သို့



# ပုပ်ရဟန်းမင်းကြီးဖရန်စစ်အား ဘာရိန်း (BAHRAIN)၏ အိမ်ရှေ့မင်းသားမှ သူ့နိုင်ငံသို့ဖိတ်ကြားထားခြင်း



မူဆလင်နိုင်ငံတစ်ခုဖြစ်သည့် ဘာရိန်းနိုင်ငံ၏ အိမ်ရှေ့မင်းသားဖြစ်သူ Salman Bin Hamad AL Khalifa သည် ဗာတီကန်သို့ ရဟန်းမင်းကြီးအား လာရောက်တွေ့ဆုံစဉ် ထိုကဲ့သို့ ဖိတ်ကြားလိုက်ခြင်းဖြစ်သည်။

သူတို့နှစ်ဦးသည် ရင်းနှီးပျူငှါစွာ မိနစ် (၃၀)ခန့် တွေ့ဆုံပြောဆိုခဲ့ကြသည်။

အိမ်ရှေ့မင်းသားသည် ပါရှန်ပင်လယ်ကွေ့တွင်ရှိသည့် သူ၏ဘာရိန်းနိုင်ငံတွင် မူဆလင်ဘာသာဝင်အများစု နေထိုင်ကြသည့်တိုင် ခရစ်ယာန်များသည်လည်း ဧည့်သည်ကဲ့သို့မနေရဘဲ နိုင်ငံသားရင်းကဲ့သို့ နေထိုင်နိုင်ကြကြောင်း ရှင်းပြရင်း ယခုကဲ့သို့ သူ့အားလက်ခံတွေ့ဆုံသောကြောင့် ရဟန်းမင်းကြီးအား ကျေးဇူးတင်ပါကြောင်း တုန့်ပြန်ပြော ကြားလျက် သူ့နိုင်ငံသို့လည်း အလည်အပတ်ကြွလာပါမည့်အကြောင်းဖိတ်ကြားခဲ့သည်။

မင်းသားက ရဟန်းမင်းကြီးအား အကွက်နှင့်ဂဏန်းအညွှန်းဖြင့် ရာသီခွင်ဖော်ပြပေးသည့် ကရိယာပါသော သေတ္တာတစ်လုံး လက်ဆောင်ပေးအပ်ကာ ရဟန်းမင်းကြီးကလည်း ငြိမ်းချမ်းခြင်းစာသားကို ကနုတ်ပန်းများဖြင့် အလှဖော်ထားသော တံဆိပ်ပြားကို လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

'ဘာရိန်းနိုင်ငံကို အရှင်သူမြတ်မှ ကြွရောက်လည်ပတ်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့ဂုဏ်ယူချင်ပါတယ်' ဟု ထွက်ခွါခါနီးတွင်လည်း အိမ်ရှေ့မင်းသား ထပ်မံဖိတ်ကြား မှုပြုခဲ့သည်။

ဘာရိန်းနိုင်ငံတွင် လက်တလော 'အာရေးဘီးယား မယ်တော်သခင်မ' Our Lady of Arabia ဘွဲ့ခံ ကာသီဒြယ် ဘုရားကျောင်းကြီးကို နိုင်ငံ၏ဘုရင်မှပေးလှူသည့်မြေကွက် ပေါ်တွင် ဆောက်လုပ်နေဆဲဖြစ်ကာ လာမည့်နှစ်တွင် ပြီးစီး မည်ဟု ခန့်မှန်းထားပြီး ထိုကျောင်းတော်ကြီး ကောင်းချီး ပေးဖွင့်လှစ်သည့်ပွဲသို့ ရဟန်းမင်းကြီး ကြွလာရန် ကက်သလစ် ဘာသာဝင်များ စိတ်ကူးမျှော်မှန်းနေကြသည်။

Vatican News

ဘာသာပြန်
စစ္စတာဒဲနစ်ဂျာတောင် (SJA)
CBCM-OSC

---

# အမေရိကန်မှ ခရစ်ယာန်သင်းအုပ်ဆရာကြီးများ လွှတ်မြောက်ရေးအပါအဝင် တရုတ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို သမ္မတထရမ့်ထံ စာရေး တင်သွင်း

တရုတ်ပြည်တွင် ဖမ်းဆီးအကျဉ်းချထားခြင်းခံရသော အမေရိကန်နိုင်ငံသား ခရစ်ယာန်သင်းအုပ်ဆရာကြီးများ လွှတ်မြောက်ရေး အပါအဝင် တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ အမေရိကန်သမ္မတ ထရမ့်ထံသို့ စာရေးတင်သွင်းထားသည်။ ထိုတင်သွင်းချက်ထဲတွင် ထိုသင်းအုပ်ဆရာနှစ်ဦး သာမက တရုတ်နိုင်ငံထဲတွင်ထိန်းသိမ်းခံနေရ၊ အကျဉ်းချခံနေရသော အခြားအမေရိကန်နိုင်ငံသားများအရေးအတွက် အမေရိကန်-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူ စာချုပ်တစ်ခု လက်မှတ်ရေးထိုးမည့် ယနေ့ ဇန်နဝါရီ ၁၅ ရက်နေ့တွင် တရုတ်အစိုးရကို ထိုအရေးကိစ္စများအတွက် ထည့်သွင်းဖိအားပေးပေးပါရန် သမ္မတထရမ့်ထံသို့ တင်ပြတောင်းခံထားခြင်းဖြစ်သည်။ ထိုစာကို လွှတ်တော်အမတ် ၁၂-ဦးကျော် ပါဝင်သော အမတ်များမှ သမ္မတအိမ်ဖြူတော်သို့ တင်သွင်းထားခြင်း ဖြစ်သည်။ ထိုသို့ ဖမ်းဆီးအကျဉ်းချခံနေရသောသူများထဲတွင် JOHN CAO နှင့် DAVID LIN (ခရစ်ယာန်သင်းအုပ်ဆရာနှစ်ဦး)လည်း ပါဝင်သည်။ JOHN CAO မှာ သူအဖမ်းခံခဲ့ရသည့် ၂၀၁၈-ခုနှစ် မတ်လ အထိ တရုတ်နိုင်ငံနှင့်မြန်မာ နယ်စပ်တဝိုက်တွင် လူနည်းစု လူမျိုးအချို့အား စာပေသင်ကြားပေးနေသူဖြစ်သည်။ မြန်မာနယ်စပ်မှတရုတ်ပြည်ကိုပြန်ဝင်လာသည့် အချိန်တွင် အဖမ်းခံလိုက်ရခြင်းဖြစ်ကာ သူ့အားထောင်ဒဏ်၇-နှစ်ချထားသည်။ နောက်သင်းအုပ်ဆရာတစ်ဦးဖြစ်သူ DAVID LIN ကိုမူကား ၂၀၀၆-ခုနှစ်ကတည်းက ဖမ်းဆီးထားခြင်းဖြစ်သည်။ သူ့အား ဘုရားကျောင်း တည်ဆောက်ရန် ကြိုးစားသည်ဟူသောစွပ်စွဲချက်ဖြင့်ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ထားကာ နောက်ပိုင်းမှလျှော့ပေါ့ပေးပြီး လာမည့် ၂၀၃၀ ခုနှစ်အထိကျခံစေခဲ့သည်။ တရုတ်နိုင်ငံတွင် ပုံစံအမျိုးအမျိုးဖြင့် အခြား လူ့ကျင့်ဝတ်ဖောက်ဖျက်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသည်ကိုလည်း ထောက်ပြထားကြပြီး အဓမ္မ လက်ထပ်ယူခြင်း၊ လူအတွင်းကလီစာများရောင်းဝယ်ခြင်း၊UYGHURS နှင့် TURKIC မွတ်စလင်ဘာသာဝင် စသည့်လူနည်းစုလူမျိုးများအပေါ်တွင်လည်း ကလေး၊ လူကြီး အုပ်စုလိုက် ကာလရှည်ကြာ စခန်းသွင်း ခေါ်ယူ စုဆောင်းထားကာ အတင်းအကျပ် မိမိတို့ ယုံကြည်ရာဘာသာအယူ စွန့်လွှတ်စေခြင်းနှင့် မလိုက်နာပါက ညှဉ်းပမ်း နှိပ်စက်ခြင်းတို့ရှိကြောင်း၊ တရုတ်နိုင်ငံ၏မူဝါဒကိုလက်ခံကျင့်သုံးစေ ရန်ရည်ရွယ်ချက်ရှိရှိ အစီအစဉ်ချမှတ် လုပ်ဆောင် နေကြောင်းများကြောင့် တရုတ်နိုင်ငံကို စီးပွါးရေး ပိတ်ဆို့မှုနှင့် ဒဏ်ခတ်ရေးယူ ပေးရန်တောင်းဆိုကြခြင်းဖြစ်သည်။



(CNA)

ဘာသာပြန်
စစ္စတာဒဲနစ်ဂျာတောင် (SJA)
CBCM-OSC

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အတွက် ၂၀၂၀ မှာ ဘာတွေရှိနေမလဲ



ကမ္ဘာကြီးက ပြီးခဲ့တဲ့၂၀၁၉ ဒီဇင်ဘာကုန်ပိုင်းမှာ သက်တော် ၈၃နှစ်ပြည့်ခဲ့ပြီး အတော်အိုမင်းလာတဲ့ ရဟန်းမင်းကြီး ဖရန်စစ်ကို စောင့်ကြည့်နေခဲ့ကြမှာပါ။ ဒါပေမယ့် ၂၀၁၉ထဲမှာ ကောင်းကောင်းမွန်မွန် သွားလာလုပ်ကိုင်နိုင်ခဲ့တာ အားလုံးအသိပါပဲ။ အာမေဇုန်ဒေသလုံးဆိုင်ရာ အစည်းအဝေးကြီး အပါအဝင် ပြည်ပသိုးထိန်းခရီးစဉ် ၇-ကြိမ်နဲ့ ရဟန်းမင်းကြီး ရုံးတော်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပါပြီ။ ရဟန်းမင်းကြီးသက်တမ်း ၈-နှစ်ပြည့်လာတဲ့ ၂၀၂၀မှာကော သူဘယ်လို၊ ဘာတွေ ဆက်လက်လုပ်ဆောင် သွားလိမ့်မလဲ။ သူ့ရုံးတော်က တရားဝင်အတည်ပြုထုတ်ပြန်ထားတာတွေရှိသလို အခြေအနေအရ အပြောင်းအလဲလုပ်ရအုံးမယ့် အစီအစဉ်တွေလည်း ရှိနေသေးတယ်လို့ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် ရဟန်းမင်းကြီးဖရန်စစ်ကတော့ သူ့ရဲ့ ခိုင်မာတဲ့ ဦးစားပေးမှုစာရင်းအတိုင်း ဆက်လက်ပြီး သိမ်ငယ်အားနည်းသူတွေ၊ အစွန်အဖျားရောက်နေရသူတွေ၊ ဆင်းရဲနွမ်းပါးသူတွေ၊မတရားပြုမူခံရသူတွေ၊ပစ်ပယ်ရှောင်ဖယ်ခံရသူတွေကို ခရစ်တော်ရဲ့ချစ်ခြင်းနဲ့ ကက်သလစ် အသင်းတော်ကြီးရဲ့ စာနာခြင်းကိုပြသသွားမှာပဲဖြစ်ပါတယ်။ ၂၀၂၀ နှစ်ထဲမှာ တောင်ပိုင်းဆူဒန်နဲ့ အီရတ်တို့ကို သွားချင်တဲ့ဆန္ဒရှိတယ်လို့တော့ထုတ်ပြောပေမယ့် အဲဒီနိုင်ငံတွေရဲ့ လုံခြုံရေး အခြေအနေကြောင့် လက်ရှိအချိန်ထိ အတည်မပြုနိုင်သေးပါဘူး။ မနှစ်က တောင်ပိုင်းဆူဒန်ခေါင်းဆောင်တွေ ဗာတီကန်မှာ လာပြီး ရဟန်းမင်းကြီးနဲ့ အတူဥပုသ်စောင့် ဆုတောင်းခဲ့ကြတဲ့ မမေ့နိုင်ဖွယ်ရာ အချိန်အတွင်းမှာ ရဟန်းမင်းကြီးက ရုတ်တရက် ဒူးထောက်ချလိုက်ပြီး ဆူဒန်ခေါင်းဆောင်ရဲ့ခြေကို နမ်းလိုက်တဲ့အခါ အားလုံး အံ့သြထိတ်လန့်သွားခဲ့ကြတယ်။ ရဟန်းမင်းကြီး အနေနဲ့ ဒီလောက်မလုပ်အပ်ပါဘူး။ ဒါပေမယ့် ကမ္ဘာကြီးအတွက် ငြိမ်းချမ်းခြင်းကို အနူးအညွတ် တောင်းခံတဲ့ အပြုအမူပြခဲ့တာပါ။ အာဖရိကကို သွားချင်တဲ့အကြောင်းတော့ထပ်တလဲလဲထုတ်ပြောနေပါတယ်။ လုံခြုံရေးအခြေအနေအခုထက် နည်းနည်းပိုပြီး ကောင်းမွန်လာရင်တော့ ၂၀၁၅ ကတည်းက ပြည်တွင်းစစ် ဖြစ်နေတဲ့ အာဖရိက အလယ်ပိုင်းကို တစ်ရက်ခရီးလောက်သွားဖို့မှန်းနေတာပါ။ ၂၀၂၀ထဲမှာ အီရတ်နိုင်ငံနဲ့ အရှေ့အလယ်ပိုင်းဒေသတွေကိုလည်း သွားဖို့စောင့်ကြည့်နေပါတယ်။ ဒီနေရာတွေဟာ ဗာတီကန်နိုင်ငံရဲ့ အတွင်းရေးမှူး ကာဒီနယ်ကြီး PIETRO PAROLIN အပါအဝင် ဗာတီကန်ထိပ်တန်းတာဝန်ရှိသူတွေလောက်တော့ သွားရောက်နိုင်လောက်ပေမယ့် အီရတ်ဟာ ရဟန်းမင်းကြီးသွားရောက်လည်ပတ် နိုင်လောက်အောင်တော့ လုံခြုံမှု မရှိသေးပါဘူး။


ရဟန်းမင်းကြီးက သူ့ရဲ့ဇာတိမြေ အာဂျင်တီးနားနိုင်ငံကို ဒီနှစ် ၂၀၂၀မှာ ပြန်ရောက်ဖြစ်မယ်ထင်တယ်လို့ ပြီးခဲ့တဲ့ နိုဝင်ဘာလက ထိုင်းနိုင်ငံ ခရီးစဉ်အတွင်းမှာ သတင်းထောက်တွေကိုဖြေခဲ့ပေမယ့်လည်း မပြန်ဖြစ်လောက်တော့ဘူးလို့ဆိုပါတယ်။ အခုတော့ဇာတိမြေကိုပြန်မှာလားဆိုတဲ့မေးခွန်းကို 'ဘုရားသခင်ပဲသိမယ်'လို့ပြန်ဖြေနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့နိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေနဲ့လည်း ချိန်ဆနေတာဖြစ်နိုင်ပါတယ်။ အခုသူ့ရဲ့ နိုင်ငံမှာ အားပြိုင်နေတဲ့နိုင်ငံရေးပါတီနှစ်ခုကြားမှာ ရဟန်းမင်းကြီးရဲ့လာရောက်မှုဟာ ပါတီတစ်ဖက်ဖက်ကို အားပေးရာရောက် သွားစေနိုင်မယ့် အနေအထားရှိနေတာကြောင့်ပါ။ နောက်ထပ်မှန်းထားတဲ့ ခရီးစဉ်ကတော့ ဆိုက်ပရပ်စ် (CYPRUS)နဲ့ လက်ဘနွန် (LEBANON)နိုင်ငံတွေပါ။ ဆိုက်ပရပ်စ်သမ္မတ NICOS ANASTASIADES ထုတ်ဖော်ပြောချက်အရ ရဟန်းမင်းကြီးဟာ ဒီနှစ် နိုဝင်ဘာလလောက်မှာ လာဖို့များတယ်၊ တိုက်ဆိုင်စွာပဲ ကျွန်ုပ်တို့နိုင်ငံရဲ့အကြိမ် (၆၀)မြောက်လွတ်လပ်ရေးအထိမ်းအမှတ်နဲ့လည်း ကြုံနေပါတယ်လို့ဆိုပါတယ်။ ၂၀၂၀မှာ ကိုယ်တော်မြတ်ညီလာခံပွဲတော်ကြီး (EUCHARISTIC CONGRESS)ကို လက်ခံကျင်းပမယ့် MONTENEGROနဲ့ HUNGARY နိုင်ငံတွေကိုလည်း ရဟန်း မင်းကြီး လာရောက်မယ့်အကြောင်း ဥရောပမှာမျှော်လင့်ပြောဆိုနေကြပါပြီ။ အာရှနဲ့ပတ်သက်လို့ကတော့ အရင်က ပေါ်တူဂီကိုလိုနီလက်အောက်ခံဖြစ်ခဲ့ပြီး ၁၉၉၉ ခုနှစ်ကမှလွတ်လပ်ရေးရခဲ့တဲ့အရှေ့တီမော နိုင်ငံကို ဒီနှစ်ထဲမှာ သွားဖြစ်ဖို့များတယ်လို့ ဗာတီကန်က တရားဝင် ပြောဆိုထားပါတယ်။ သေးငယ်လှတဲ့ ဒီနိုင်ငံသား အများစုကကက်သလစ်ဘာသာဝင်များဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ မဟုတ်ရင်တောင် မကြာတဲ့ အနာဂတ်မှာအင်ဒိုနီးရှားနိုင်ငံကိုလည်းသွားဖို့တော့ ဖြစ်လာနိုင်တယ်လို့ ဆိုထားတာလည်းရှိနေပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာတုန်းက ထိုင်းနဲ့ဂျပန်ကနေအပြန် လေယာဉ်ပေါ်မှာ တရုတ်နဲ့ရုရှားကို သွားချင်တဲ့ဆန္ဒရှိကြောင်း ဖွင့်ဟပြောဆိုခဲ့ပေမယ့် တရုတ်ရဲ့ ဘာသာရေးတင်းကျပ်ချုပ်ချယ်မှု၊သတင်းလွတ်လပ်ခွင့်မရှိမှုတွေကြောင့်ရယ်၊ ရုရှားကျတော့ ယူကရိန်းကျူးကျော်မှု ကိစ္စတွေဖြစ်ပေါ်နေတာကြောင့် ရဟန်းမင်းကြီး သွားရောက်လည်ပတ်ဖို့ ဖြစ်နိုင်ချေ မရှိသေးပါဘူး။ ပြည်ပ သိုးထိန်းခရီးစဉ်တွေအပြင် ဗာတီကန်ကနေမခွါဘဲဆောင်ရွက်စရာကိစ္စကြီးငယ်တွေလည်းဆက်လုပ်သွားဖို့ တစ်ပုံတစ်ပင်ရှိနေပါတယ်။ လူသားများကောင်းကျိုး၊ကမ္ဘာမြေကြီးကောင်းကျိုးနဲ့ တစ်ကမ္ဘာလုံးဆိုင်တဲ့ ကက်သလစ် အသင်းတော်ကြီးအတွင်း၊ အပြင် ပိုသန့်စင် ခိုင်မာ ကောင်းမွန်လာဖို့အရေး ကိုင်တွယ်ဖို့ခက်ခဲတာတွေကိုတောင်မှ လိုအပ်ရင်ပြုပြင်မှုတွေ လုပ်ဖို့လည်း ဆက်လက်အား ထုတ်သွားပါလိမ့်မယ်။

(OSV NEWS)

ဘာသာပြန်
စစ္စတာဒဲနစ်ဂျာတောင် (SJA)
CBCM-OSC

စာမျက်နှာ - ၃ မှ အဆက်

ဖော်ဆောင်ခြင်းတစ်မျိုး ဖြစ်ကြောင်း ကက်သလစ် သာသနာတော်မှလည်း သွန်သင်ထားသည်။ မျှတသော စီးပွားရေးသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ စီးပွားရေးကို မင်္ဂလာတရားသွန်သင်ချက်များဖြင့် လိုက်နာကျင့်သုံးနိုင်ပေသည်။ ကျွန်ုပ်တို့ဝါတွင်းကာလကို အောက်မေ့ ကျင်းပခြင်းသည် ဘုရားရှင်၏အသံကိုကြား၍ ဘုရားနှင့်လူ ကျေအေးသင့်မြတ်ကာ ပါစကား နက်နဲဖွယ်ရာများကို ထောက်ရှုဆင်ခြင်ပြီး အကျင့်တရားများ ပြောင်းလဲလျှက် ဘုရားသခင်နှင့် ရိုးသားပွင့်လင်းစွာ တွေ့ဆုံပြောဆိုနိုင်သည့် အချိန်ကာလ ဖြစ်စေမည့်အကြောင်း အလွန်မွန်မြတ်သော မယ်တော်မာရီယားအား ကျွန်ုပ်တို့အဖို့ ဆုတောင်းပေးမည့်အကြောင်း တောင်းခံပါသည်။ ထိုနည်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်သခင် တပည့်တော်ကြီးတို့အား မှာကြားခဲ့သော "လောက၏ဆား၊ လောက၏



အလင်းများ" ဖြစ်လာကြပါလိမ့်မည်။
ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်

-----------------------------------ဘာသာပြန်ဆိုသူ
- သီကိုရှင်း

# ထိုင်ဝမ်အမျိုးသမီးသမ္မတမှ တရုတ်နိုင်ငံ၏အာဏာအလွဲသုံးမှုကို ရဟန်းမင်းကြီးဖရန်စစ်ထံစာရေးသားတင်ပြ

တရုတ်နိုင်ငံမှ အာဏာအသုံးကြမ်းပြီး ဘာသာရေးကိုလည်း နှိပ်ကွပ်မှုပြင်းထန်စွာ လုပ်ဆောင်နေသည့် ကွန်မြူနစ်စနစ်၏ အာဏာအလွဲသုံးမှုသည် ငြိမ်းချမ်းရေးလမ်းစဉ်အတွက် အဟန့်အတားဖြစ်နေပါကြောင်း ထိုင်ဝမ်သမ္မတ TSAI ING-WEN သည် A LETTER TO THE POPE ခေါင်းစဉ်ဖြင့် စာရေးသားကာ ရဟန်းမင်းကြီး ဖရန်စစ်ထံသို့ ထိုင်ဝမ်သမ္မတရုံးမှ ပေးပို့ခဲ့သည်။ ထိုသို့ပေးပို့သော စာထဲတွင်ပါဝင်သော အဓိကအချက်များမှာ တရုတ်အစိုးရသည် ထိုင်ဝမ်ဒီမိုကရေစီစနစ်ကို လျော့ပါးသွားစေရန်ရည်ရွယ်နေကြောင်း၊ လွတ်လပ်မှုနှင့် လူ့အခွင့်အရေးသည်လည်း စစ်တပ်အင်အားဖြင့် ခြိမ်းခြောက်ခံနေရကြောင်း၊ သတင်းမှန်ကိုအမှောင်ချကာ သူတို့တစ်ဖက်သတ်ဖြန့်လိုသော ဝါဒကို ပျံ့နှံ့စေရန် လှည့်ဖျား စည်းရုံးလှုံ့ဆော်လေ့ရှိကြောင်း၊ ဆိုက်ဘာတိုက်ခိုက်မှုများလည်းပြုလုပ်ခံရကြောင်းထည့်သွင်း ရေးသားထားသည်။ သမ္မတ TSAI သည် ရဟန်းမင်းကြီးဖရန်စစ် မကြာမီက ထုတ်ပြန်ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံရေးဝန်ကြီးအသီးသီး၊ အထူးသဖြင့် အာရှနိုင်ငံများထံသို့လည်းဖြန့်ဝေခဲ့သော '၂၀၂၀ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ သတင်းစကားသဝဏ်လွှာ'ကို တုန့်ပြန်သည့်အနေနှင့် ထိုစာကိုပေးပို့ခဲ့ခြင်းဖြစ်သည်။ရဟန်းမင်းကြီး၏ ယခုနှစ်ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ သဝဏ်လွှာတွင် 'ငြိမ်းချမ်းခြင်းသည် မျှော်လင့်ခြင်း၏ခရီးစဉ်ဖြစ်ကြောင်း၊ အပြန်အလှန်ဆွေးနွေးခြင်း ပြေအေးမှုပြုခြင်းအားဖြင့် အချင်းချင်းလွှမ်းမိုးခြယ်လှယ်လိုသော ဖျက်လိုဖျက်ဆီးလုပ်လိုသော ဆန္ဒများကို လူသားဆန်သည့် အသိစိတ်ထားဖြင့် ဖုံးလွှမ်းနိုင်စေရမည်ဖြစ်ကြောင်း၊ လက်ရှိကမ္ဘာမှာ အလွန်လိုအပ်နေသော ငြိမ်းချမ်းခြင်းအတွက် နိုင်ငံအချင်းချင်း ညီညွတ်စည်းလုံးနိုင်ကြပြီးမျက်နှာချင်းဆိုင်ဆွေးနွေးအဖြေရှာနိုင်ကြစေရန် တစ်ဦးစီမှ ဆုတောင်းသွားကြပါစို့'စသဖြင့်ပါရှိသည်။ ထိုင်ဝမ်နိုင်ငံသားများ အသစ်ရွေးချယ်တင်မြှောက်လိုက်သည့် အမျိုးသမီးသမ္မတဖြစ်သူ TSAIသည် သူ၏ထိုင်ဝမ်နိုင်ငံ တစ်ဝန်းတွင် တွေ့ကြုံနေရသော အကျပ်အတည်းများကို ငြိမ်းချမ်းစွာအဖြေရှာ ဖြေရှင်းလိုကြောင်းပြောကြားကာ ရဟန်းမင်းကြီး၏ ငြိမ်းချမ်းခြင်းသဝဏ် လွှာဖော်ပြပါ အချက်တစ်ခုဖြစ်သည့် 'ငြိမ်းချမ်းရေးလမ်းပေါ်လျှောက်လှမ်းနိုင်ရန်မှာ အထူးသဖြင့် နီးစပ်သူ လူသားများအပေါ်သို့၄င်း ဘုရားသခင် ဖန်ဆင်းထားအရာများအပေါ်သို့ ၄င်း ထိခိုက်စေမည့် အကြမ်းဖက်ကြံစည်မှု၊ပြောဆိုမှု၊လုပ်ဆောင်မှုများကို ဖယ်ရှားပစ်ရန်လိုအပ်သည်' ဟူသည့် အချက်သည်လည်း မိမိ၏စိတ်သဘောနှင့်အပြည့်အဝတူညီပါကြောင်းရေးသားထားပြီး၊ တရုတ်အစိုးရမှဟောင်ကောင် ဆန္ဒပြသူများအပေါ်ပြုသော အကြမ်းဖက်ကိုင်တွယ်မှု၊ ဟောင်ကောင်အရေးအားပေး ထောက်ခံသည်ဟူသောစွပ်စွဲချက်ဖြင့် NBACOACHအားကစားအဖွဲ့အားထုတ်ပယ်ပစ်ဒဏ်ချရန်ကြိုးစားမှု၊ယုံကြည်ရာ ဘာသာတရား မှန်သမျှကို နှိပ်ကွပ် တိုက်ဖျက်နေပြီး ကွန်မြူနစ်အယူဝါဒကို အတင်းအကြပ်ရိုက်သွင်းနေမှုအပါအဝင် တရုတ်နိုင်ငံ၏ အာဏာအလွဲ အသုံးပြုသည့်လုပ်ရပ်များစွာကိုချပြခဲ့သည်။ ထိုင်ဝမ်နိုင်ငံတွင် ပထမဆုံးသော အမျိုးသမီးသမ္မတဖြစ်သည့် TSAIသည် ထိုင်ဝမ်အချုပ်အခြာကို တရုတ်ထိန်းချုပ်မှုမှ ကာကွယ်ပေးမည်ဟူသော ကတိပြုလျက် တက်လာသူဖြစ်သည်။ ရဟန်းမင်းကြီးထံ ပေးပို့သော စာထဲတွင် 'အရှင်သူမြတ်၏ကြီးမားသောသဘောထားအမျှော်အမြင်ဖြင့် ထုတ်ပြန်ထားသော စာချွန်တွင်ပါရှိသည့် အချက်တစ်ခုဖြစ်သော လူလူချင်းအုပ်စိုးလွှမ်းမိုးလိုသည့်စိတ်ကို စွန့်လွှတ်ရန်၊ အပြန်အလှန်လေးစားမှုရှိရန်၊ တစ်ပါးသူကို ဘုရား၏သား၊သမီးများဖြစ်သောကြောင့် အချင်းအချင်းသည် ညီအစ်ကို မောင်နှမများဖြစ်သည်ဟု ကြည့်မြင်နိုင်ရန်၊ အသောမသတ်နိုင်သော လက်စားချေနေမှုများကို ရပ်တန့်နိုင်ကြရန် ဟူသည့်အချက်ကိုလည်း အလေးအနက်ထောက်ခံပါကြောင်း၊ လက်ရှိနိုင်ငံတကာမှာဖြစ်ပွါးနေသည့် ပဋိပက္ခအတော်များများမှာ ယခု ဖော်ပြသည့် တစ်ဖက်သားအပေါ် အုပ်စိုးလွှမ်းမိုးချယ်လှယ်လိုစိတ်၊ မိမိအယူအဆကို သွတ်သွင်းလိုစိတ်ကြောင့်ဟု ဆိုနိုင်ပါလိမ့်မည်။ မိတ်ဆွေများကြား ကမောက်ကမဆက်ဆံရေးပြင်းပြသော ကြီးစိုးလွှမ်းမိုးလိုစိတ်၊အာဏာကိုတလွဲသုံးခြင်း၊ တစ်ဖက်သားကြောင့်စိုးရိမ်ကြောင့်ကျဖြစ်မှု၊မတူခြားနားမှုများကို အဟန့်အတားဟု မြင်ခြင်းစသည်တို့မှာ စစ်မီးအတွက် လောင်စာများဖြစ်သည်'စသဖြင့်ပါဝင်သည့်အပြင်၊ သမ္မတTSAI အနေဖြင့် သူ့နိုင်ငံတွင် ကက်သလစ်သာသနာတော် ဆက်လက်တိုးတက်ပြန့်ပွါးလာစေရန် မျှော်လင့်ကြောင်းနှင့် မျှော်လင့်ခြင်း ပါရမီအားဖြင့် အခက်အခဲများကိုကျော်လွှားနိုင်ကာ ငြိမ်းအေးချမ်းသာမှု ရယူနိုင်မည်ဟု ယုံကြည်ကြောင်း၊ ထိုင်ဝမ်ပြည်သူများနှင့် ကမ္ဘာတစ်ဝန်းမှ လူတို့သည် ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို ဆုပ်ကိုင်ထားလျက်ခွဲခြားဖယ်ချန်မှု၊ လက်တစ်လုံးခြားပြုမှုတို့ကို ရှောင်ရှား၍ အပြန်အလှန်ဆွေးနွေး ညှိနှိုင်းနိုင်ကြပါလျှင် ငြိမ်းချမ်းခြင်း အစစ်အမှန်ကို ရယူနိုင်မည်ဟု ကျွန်ုပ်အခိုင်အမာယုံကြည်ပါသည်' ဟူ၍ရေးသားထားသည်။ သမ္မတ TSAI သည် ထိုင်ဝမ်အစိုးရကို အာရှတွင် သဘာဝစိမ်းလန်းရေးမဏ္ဍိုင်ဖြစ်လာစေရေး ကြိုးပမ်းစေခြင်းဖြင့် ရဟန်းမင်းကြီး၏စာချွန်တော်ကြီးတစ်ခုဖြစ်သော 'ဘုံအိမ်ကမ္ဘာမြေအားပိုင်းဝန်းစောင့်ရှောက်ရေးနိုးဆော်သည့်' LAUDATO SI ကိုထောက်ခံလျက် တုန့်ပြန်အကောင်အထည်ဖော်လျက်ရှိသည်။ထိုင်ဝမ်အစိုးရအား ၁၉၄၂-ခုနှစ်ကတည်းက ဗာတီကန်ရုံးတော်မှ အသိအမှတ်ပြုထားပြီးဖြစ်သည်။ ထိုင်ဝမ်အစိုးရမှာရဟန်းမင်းကြီးဖရန်စစ်အား သူတို့နိုင်ငံသို့အလည်အပတ်ကြွရောက်ရန် အကြိမ်ကြိမ်ဖိတ်ခေါ်နေသည်။

CATHOLICHERALD.CO.UK/NEWS

ဘာသာပြန်
စစ္စတာ ဒဲနစ်ဂျာတောင် (SJA)
CBCM-OSC


# "CHILDREN ARE HOPE" ဟူသည့် ပုပ်ဖရန်စစ်၏ ကလေးများအတွက် စာအုပ်သစ်ထွက်ရှိ

"I BAMBINI SONO SPERANZA" သို့မဟုတ် "CHILDREN ARE HOPE" ကလေးများသည် မျှော်လင့်ချက်ဖြစ်သည် ဟူသည့် စာအုပ်မှာ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ် ပြုစုရေးသားပြီး ယခုအခါ မှာ စာအုပ်သစ်အဖြစ် ထွက်ရှိလာပြီဖြစ်ကြောင်းကို မနီလာဂိုဏ်းချုပ်ဆရာတော်ကြီး အဖြစ်မှ ရောမမြို့တော်သို့ တာဝန်သစ် ထမ်းဆောင်ရန် ပြောင်းရွှေ့သွားသည့် ကာဒီနယ် လွီးစ်အန်တိုနီယို တာ့ဂလေက မိတ်ဆက်ပေးခဲ့ပါသည်။ ဝေမျှခြင်း၊ လက်ခံတတ်ခြင်း နှင့် ချစ်ခြင်းမေတ္တာ အကြောင်းများဖြင့် ကလေးများကို ခွန်အားဖြစ်စေမည့် အတိုချုပ်ရေးထားပြီး ကလေးများအတွက် ရည်ရွယ်ထားသည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း စာအုပ်သစ် မိတ်ဆက်ပွဲကို ဗာတီကန်အတွင်းရှိ BAMBINO GESU ကလေးဆေးရုံတွင် ဆေးရုံဒါရိုက်တာ MARIELLA ENOCH နှင့် ဖဲဝံဂေလိသတင်းကောင်း ပျံ့ပွားရေးဆိုင်ရာ ပုပ်ရဟန်းမင်းကြီးရုံးတော် တာဝန်ခံ ကာဒီနယ်တာ့ဂလေတို့ မျက်မှောက်တွင် ပြုလုပ်ခဲ့ပါသည်။ စာအုပ်မိတ်ဆက်ပွဲတွင် ကာဒီနယ်က "ကလေးများမရှိတဲ့နေရာဟာ အနာဂတ်မရှိနိုင်ပါ"ဟု ဆိုပါသည်။ စာအုပ်၏ ပထမစာမျက်နှာတွင် ပုပ်ဖရန်စစ်က "သားတို့သမီးတို့လို ကလေးငယ်တွေကို ပါပါးမြင်ရတဲ့အခါ မျှော်လင့် ချက်တွေကို ပါပါးနှလုံးသားထဲက အထူးခံစားမိတယ်" ဟု ဆိုထားကြောင်း ဒီစာအုပ်လေးဟာ နေချင်စရာကောင်းတဲ့ ကမ္ဘာကြီးဖြစ်ဖို့ အတွက် ကမ္ဘာတဝှမ်းကို မင်္ဂလာသတင်းပေးမှာဖြစ်ပြီး SALANI EDITORE သတင်းတိုက်က အထူးပြု စုထားတဲ့ စာအုပ်သေးလေး တစ်အုပ်ဖြစ်ပါသည်။

ဗာတီကန်သတင်း
BY SR LUCIA THANDAR AUNG,SJA



# ဂါတွင်းကာလမှာ တီဗွီ၊ စမတ်ဖုန်းများအစား ဧဝံဂေလိ တရားတော်နဲ့သာ ချိတ်ဆက်ကြရန် ပုပ်ဖရန်စစ် မြွက်ကြား




ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်ဟာ အပတ်စဉ် ဗုဒ္ဓဟူးနေ့ ဘုရားဖူးလူထု ပရိတ်သတ်နဲ့ တွေ့ဆုံခြင်းကို POPE PAUL VI ခန်းမဆောင်ကြီးမှာ ပြုလုပ်လေ့ရှိပေမယ့်ဝါကြီးဝင်တဲ့ပြာခံပွဲနေ့ကြီးမှာတော့ အရှင်သူမြတ်က စိန့်ပီတာရင်ပြင်တော်မှာ ထွက်ကြွလို့ ဘုရားဖူး ပရိတ်သတ်နဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ယခု ဝါတွင်းကာလ ရက် ၄၀ ဟာ ဘုရားရှင်ရဲ့ နှုတ်ကပတ်တော်ကို ထွေးပိုက်နေရာပေးရမည့် အချိန်ကာလကောင်းတစ်ခု ဖြစ်တယ်ဆိုတာကို ထောက်ရှုကာ အရှင်သူမြတ်က တရားပေးခဲ့ခြင်းပါ။ ပြာခံပွဲနေ့ စိန့်ပီတာရင်ပြင်တော်ရဲ့ ဘုရားဖူးလူထု ပရိတ်သတ်ဟာ ၁၂၀၀၀ ခန့်ရှိခဲ့ပြီး၊ အရှင်သူမြတ်က ဝါတွင်းကာလဟာ တီဗွီနဲ့ စမတ်ဖုန်းတွေကိုပိတ်လို့ ကျမ်းစာအုပ်ကို ဖွင့်ကြရမည့် အချိန်ကာလ ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်ခဲ့တာဖြစ်ပါတယ်။ငင်းရဲ့အပတ်စဉ်ပြုနေကြ ဘုရားဖူးလူထု ပရိတ်သတ်အား ဘုရားစကားပို့ချခြင်းကဏ္ဍမှာတော့ အရှင်သူမြတ် မြွက်ကြားတာက ဒီရက် ၄၀ အချိန်ဟာ သခင်ခရစ်တော်ကို ပုံအတုယူပြီးဆိတ်ငြိမ်တိတ်ဆိတ်တဲ့နေရာကို ရှာကြရမည့် အချိန်ဖြစ်ကြောင်းနှင့် ဘုရားရှင်ရဲ့ အသံတော်ကို ကောင်းကောင်းကြားနိုင်ပြီး ၄င်းရဲ့ ခေါ်သံကို ကြားဖူးနိုင်မည့် အချိန် ဖြစ် ကြောင်းသဲကန္တာရ အတွေ့အကြုံ တိတ်ဆိတ်တဲ့အတွေ့အကြုံ နေရာ အရပ်သာလျှင် တစ်ဦးတစ်ယာက်ဟာ ဘုရားရှင်ရဲ့ အသံတော်ကို ကြားနိုင်မှာဖြစ်ပြီး ဘုရားရှင်နဲ့ ပေါင်းစပ်ကာ ဘုရားရဲ့ မေတ္တာတော်ကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ တိတ်ဆိတ်ခြင်းထဲမှာ တီးတိုးပြောတတ်တဲ့ အဖဘုရားရှင်ကို ဘယ်လိုရှာဖွေရမလဲဆိုတာကို သခင်ခရစ်တော်က သင်ကြားပေးခဲ့ကြောင်း၊ အကြမ်းဖက်မှုတွေပေါ်များ၊ နှုတ်မစောင့်စည်းတဲ့ ပြဿနာတွေ၊ တပါးသူကို ထိခိုက်စော်ကား နာကြင်စေမည့် စကား အပြုအမူတွေနဲ့ မငြိမ်သက်နိုင်ပဲ ဆူညံနေတဲ့ ဒီနေ့ အင်တာနက် ခေတ်ကြီးထဲမှာ တိတ်ဆိတ်ခြင်းကို ကျွန်ုပ်တို့ရှာဖွေဖို့ မလွယ်ကူကြောင်း ဝါတွင်း ကာလဟာ စမတ်ဖုန်းတွေကို စွန့်ပြီး ဧဝံဂေလိ တရားတော်နဲ့ ချိတ်ဆက်ကြရမည့် အချိန်ဖြစ်သည်ဟု ဆိုကာ ၄င်းငယ်စဉ်က မိသားစုမှာ တီဗွီ စမတ်ဖုန်း မရှိပေမယ့် ရေဒီယို သာရှိတဲ့ အတွက် ဒီဝါတွင်းမှာ ၄င်းတို့ မိသားစုဟာရေဒီယိုနားထောင်ခြင်းမပြုလုပ်ရကြောင်းဖြင့် သာဓကပေး မြွက်ကြားခဲ့တာပါ။ သခင်ခရစ်တော်ရဲ့ တိတ်ဆိတ်တဲ့ ကန္တာရ ခရီးစဉ်ကို ကျွန်ုပ်တို့လိုက်လျှောက်ကြရင်းကျွန်ုပ်တို့ရဲ့ ကန္တာရဟာလည်း စိုပြေစိမ်းလန်းလာမှာဖြစ်တယ်လို့ အရှင်သူမြတ် ပုပ်ဖရန်စစ်က တရားပေးမြွက်ကြားခဲ့ သည်ကို ဗာတီကန်သတင်းအရ သိရှိရပါတယ်။
(၂၆.၂.၂၀၂၀)

SR.LUCIA THANDAR AUNG,SJA

RVA - MYANMAR

# ပုပ်ဖရန်စစ် နှင့် ဗုဒ္ဓဟူးနေ့ ဘုရားဖူးပရိတ်သတ်

ဆုတောင်းခြင်း၊ မြီးခြံခြင်းနှင့် သနားကရုဏာထားသည့် လုပ်ငန်းများဖြင့် သခင်ခရစ်တော်၏ ပါစကားခရီးစဉ်ကို လိုက်လျှောက်ကြရန်အတွက် ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်က ဗုဒ္ဓဟူးနေ့ ပြာခံပွဲနေ့မှ ဘုရားဖူးလူထုပရိတ်သတ်ကို မြွက်ကြားလိုက်ပါတယ်။ ဒီနေ့ဟာ အီစတာဝါကျွတ်ပွဲတော်ကို ပြင်ဆင်ဘို့ ဝါတွင်းကာလရဲ့ အစဦးနေ့ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အများအတွက် အစေခံဖို့အတွက်ကို သဲကန္တာရမှာ ရက်၄၀ အစာရှောင်ခဲ့တဲ့ သခင်ခရစ်တော်ကို အတုယူကြခြင်းဖြစ်ကြောင်း၊ ဝိညာဉ်ရေး ရှုထောင့်ကကြည့်ရင် သဲကန္တာရဟာ သေခြင်းမဟုတ် ရှင်သန်ခြင်းဖြစ်ကြောင်း၊ဒါဟာတိတ်ဆိတ်တဲ့နေရာ ဘုရားသခင်ရဲ့ အသံတော်ကို အတွင်းစိတ်ကနေကြားနိုင်တဲ့နေရာ၊ ချစ်ခြင်းမေတ္တာနဲ့ ခရစ္စတူးရဲ့ ခေါ်ဖိတ်သံကိုကြားနိုင်တဲ့နေရာဖြစ်ကြောင်း၊ ဒီနေ့ ရှုပ်ရှက်ခပ်နေတဲ့ ခေတ်ကြီးထဲမှာ ဘုရားထံပွင့်လင်းစွာ ရင်ဖွင့်ဆုတောင်းနိုင်ဖို့ ဒီလိုတိတ်ဆိတ်ခြင်းမျိုးကို ဘယ်လောက်တောင်လိုအပ်လိုက်ပါသလဲလို့ဆိုကာ အရှင်သူမြတ်က အခုဝါတွင်းကာလမှာ၊ ကျွန်ုပ်တို့ရဲ့ ဆုတောင်းခြင်း မြီးခြံခြင်းနဲ့ သနားခြင်းလုပ်ငန်းများက သခင်ခရစ်တော်ရဲ့ လမ်းစဉ်ကို လိုက်လျှောက်ပြီး သဲကန္တာရတိုင်းကို အသက်ပေး စိုပြေစေတဲ့ သခင်ခရစ်တော်ရဲ့ ကျေးဇူးတော်စွမ်းအားတန်ခိုးတွေကို သိနိုင်စေဖို့ရန်အတွက် ဖြစ်ပါစေလို့ မြွက်ကြားခဲ့ပါတယ်။
(၂၆.၂.၂၀၂၀)

SR.LUCIA THANDAR AUNG,SJA

RVA - MYANMAR



# ကိုရိုနာရောဂါခံစားရသူများနှင့်ထပ်တူခံစားကြောင်း ပုပ်ဖရန်စစ် ဖွင့်ဟမြွက်ကြား

၂၀၁၉ ကိုရိုနာဗိုင်းရပ်စ် COVID 19 ဟု တင်စားသည့် ရောဂါဝေဒနာ ခံစားရသူများနှင့် ဒီရောဂါပိုးပပျောက်ရေး ကြိုးပမ်းသူအားလုံး ဆရာဝန်များ သူနာပြုများ ကျန်းမာရေးဆေးရုံဝန်ထမ်းများနှင့် တာဝန်ရှိသူများတို့နှင့်အတူ စိတ်အားဖြင့်နီးစပ်လျက်ရှိကြောင်း ၄င်းရဲ့မေတ္တာ စကားများဖြင့် အရှင်သူမြတ် ပုပ်ဖရန်စစ်က ဗုဒ္ဓဟူးနေ့ ဘုရားဖူးပရိတ်ရှေ့မှောက် စိန့်ပီတာရင်ပြင်တော်မှာဖွင့်ဟမြွက်ဆိုလိုက်ပါတယ်။ နောက်ဆုံးရ သတင်းအချက်အလက်များအရ ဗိုင်းရပ်စ်သည် ဉရောပ၊ အရှေ့အလယ်ပိုင်းနှင့်



တခြားနိုင်ငံအများတွင် ပျံ့နှံ့လျှက်ရှိပြီး အီတလီမှာလည်း သေဆုံးစာရင်းများလာကာ တောင်ကိုးရီးယားကလည်း ဗုဒ္ဓဟူးနေ့မှာ ၁၁ ဦးသေဆုံးကြောင်း ကမ္ဘာတဝှမ်းအနေဖြင့် လူနာ ၈၀၀၀၀ခန့် တွေ့ရသည်ဟု ဗာတီကန်သတင်းမှာ ဖော်ပြထားပါတယ်။
(၂၆.၂.၂၀၂၀)

SR.LUCIA THANDAR AUNG,SJA

RVA - MYANMAR



မျက်နှာဖုံးမှ -

ရွားဆုံး သက်ရောက်မှုရှိသော ရောဂါများထဲမှ တစ်ခုအဖြစ် သတ်မှတ်ကြေညာခဲ့ရပြီဖြစ်သည်။ အွန္တရာယ်ကြီးမားလှသော ပိုင်းရပ်စ်ကူးစက်ခံရသည့်လူများနှင့် နိုင်ငံများအတွက် စာနာသနားစိတ်ဖြင့် ကျွန်ုပ်တို့အထူးစိတ်မကောင်းဖြစ်ကြရပါသည်။ ယခုအချိန်အခါသည် လူသားမျိုးနွယ်တစ်ခုလုံး၏ စည်းလုံးချစ်ခင်မှုကို ပြသရမည့်အချိန်ဖြစ်ပါသည်။ အချင်းချင်းအပြစ်တင်ရမည့်အချိန် မဟုတ်ပါ။ အဆိုပါ ကပ်ရောဂါဆိုးကူးစက်ခံရသူများအတွက် သတိတရဖြင့် ဆုတောင်းပေးကြပါစို့။ ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်ကပင်လျှင် အဆိုပါ ကူးစက်ရောဂါဆိုးကြောင့် ဒုက္ခဝေဒနာခံစားနေကြရသော ညီအစ်ကို မောင်နှမများအတွက် ကျွန်ုပ်တို့အားလုံး ဆုတောင်းပေးကြပါစို့ဟု မိန့်ဆိုလျက် အချင်းချင်း ဆုတောင်းပေးကြရန် တောင်းဆိုနေပါသည်။ အသက်၏အရှင်ထာဝရဘုရားသခင်သည် လူတို့အားဘေးအွန္တရာယ်အပေါင်းတို့မှ ကွယ်ကာတော်မူသည်ဖြစ်၍ ဤရောဂါကို ဆုတောင်းမေတ္တာဖြင့် အပြင်းအထန်တွန်းလှန်ရန် အားလုံး အတူတကွ အားထုတ်ကြပါစို့။ ရောဂါဝေဒနာခံစားနေရသောညီအစ်ကိုမောင်နှမများအတွက် ရည်ရွယ်၍ မွှားတရားပူဇော်ပေးခြင်း၊ ကိုယ်တော်မြတ်ဖူးမြော်ဆုတောင်းခြင်း စသည်တို့ကို ပြုလုပ်ကြပါစို့။ မြန်မာနိုင်ငံကက်သလစ်သာသနာတော်သည် ဤရောဂါကြောင့် အတိဒုက္ခရောက်ကြရသော ညီအစ်ကို မောင်နှမများနှင့် နိုင်ငံများအတွက် ဆုတောင်းမေတ္တာပို့သလျက် ရှိပါသည်။ ဘေးအွန္တရာယ်များကျရောက်ခြင်းသည် ကျွန်ုပ်တို့လူသားများ၏ချစ်ခင်စည်းလုံးမှုကို ပြသရမည့် အချိန်ဖြစ်သည်။ စစ်ပွဲများ၊ သဘာဝဘေးအွန္တရာယ်များ၊ ကပ်ရောဂါဆိုး ကူးစက်ခြင်းများ ဖြစ်ပွားပြီး လူသားတို့သေကြေ ပျက်စီးရလျှင် နိုင်ငံနယ်နမိတ်အပိုင်းအခြားများ၊ အတားအဆီးများ မရှိတော့ပေ။ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့် အသားအရောင်မရွေးဘဲ လူသားတို့ ငိုကြွေးကြရသည်၊ ထိခိုက်သေကြေကြရသည်။ ယခုအခါ ကမ္ဘာ့တိုက်ကြီး များမှ စိတ်ကောင်းနှလုံးကောင်းရှိသူတို့သည် ဖေးမကူညီခြင်းများပြုလုပ်လျက်ရှိကြလေသည်။အွန္တရာယ်ကပ်ဆိုးများ ကျရောက်ချိန်သည် မိမိတို့ကိုယ်ကို ပြန်လည်သုံးသပ်ရမည့် အချိန်လည်း ဖြစ်သည်။ သမ္မတ ကနေဒီ မိန့်ဆိုခဲ့သကဲ့သို့ သမိုင်းမှ သင်ခန်းစာ မယူသောသူတို့သည် ထိုအမှားမျိုးကို ထပ်မံကျူးလွန်၍ ဘေးဒုက္ခရောက်ကြမည်သာ ဖြစ်လေသည်။ ရောဂါဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ကာကွယ်ဆေးအပေါ်တွင်သာ အာရုံစိုက်မနေဘဲ လူတို့တည်ထောင်ထားသောအဖွဲ့အစည်းများ၏မောက်မာခြင်း၊ ရှက် ကြောက်မှုကင်းမဲ့ခြင်း စသည်တို့ကို ပို၍အာရုံစိုက် သင့်သည်။ မျက်စိဖြင့်ပင် မမြင်နိုင်သော ပိုင်းရပ်စ်ပိုးက အင်အားကြီးနိုင်ငံများ၊ စီးပွားရေးဖွံ့ဖြိုးသောနိုင်ငံများအား ဒူးထောက်ဦးညွှတ်လာစေနိုင်သည်။ နျူကလီးယားလက်နက်များ ထုတ်လုပ်ခြင်း၊ လူသတ်လက်နက်အများအပြားထုတ်လုပ်ခြင်း၊ များပြားလှသော တစ်ဦးချင်းဝင်ငွေ စသည်တို့သည် မျက်စိဖြင့်ပင် မမြင်နိုင်လောက်အောင် သေးငယ်သော ပိုင်းရပ်စ်ပိုးကို နိုင်ငံအတွင်းသို့ မဝင်ရောက်ရန် ကာကွယ်ပေးနိုင်ခြင်းမရှိချေ။ နျူကလီးယားဗုံးများ၊ ရာသီဥတု ဖောက်ပြန်ခြင်းများ၏နောက်တွင် လူသားတို့အတွက် တတိယအကြီးမားဆုံးဘေးအွန္တရာယ်မှာ ဇီဝလက်နက်များဖြစ်သည်။ ဘီလ်ဂိတ်က ဤကဲ့သို့သောကပ်ရောဂါများအတွက် အတူတကွပူးပေါင်း၍ ပြင်ဆင်ထားကြရန် နိုင်ငံများကို တောင်းဆိုခဲ့ပြီးဖြစ်သည်။ နိုင်ငံများစွာတွင် ပြုလုပ်လျက်ရှိသည့် မျိုးဗီဇစမ်းသပ်ပြုပြင်ခြင်း၊ ဇီဝလက်နက်တိုက်ပွဲများပြင်ဆင်ခြင်း၊ ရာသီဥတုပြောင်းလဲဖောက်ပြန်စေခြင်း စသည်တို့မှာ လူသားတို့၏အနာဂတ်အား အကြီးအကျယ်ခြိမ်းခြောက်နေသောအရာများဖြစ်ကြသည်။ ယခု (COVID-19)သည်ပင်လျှင် စမ်းသပ်မှုများယွင်းရာမှ ထွက်ပေါ်လာသောပိုင်းရပ်စ်ပိုးဖြစ်နိုင်လေသည်။လူသားမျိုးနွယ်၏ ထိခိုက်လွယ်သောအဖြစ်နှင့် သေကြေပျက်စီးလွယ်သောအဖြစ်ကို နှိမ့်ချစိတ်ဖြင့် ကျွန်ုပ်တို့လက်ခံရမည့်အချိန်များလည်းရှိသည်။ဘုရားမဲ့ဝါဒများစိုးမိုးလာခြင်း၊ စစ်လက်နက်ပိုင်ဆိုင်မှုအပေါ် တလွဲမာနထောင်လွှားခြင်း၊ နည်းပညာပိုင်း၌ ထိပ်တန်းရောက်ခြင်း စသည်တို့ကြောင့်များစွာသောနိုင်ငံ့ခေါင်းဆောင်တို့သည် မိမိတို့၌ အတိုင်းအဆမဲ့သော အစွမ်းများရှိနေသယောင် ထင်မှတ်လာကြသည်။ ကျွန်ုပ်တို့၏ဘဝကို စိုးမိုးနိုင်သည့် တစ်ခုတည်းသောစွမ်းအားမှာ ဘုရားသခင်ပင်ဖြစ်သည်။ သဘာဝဘေးအန္တယ်များ၊ ကပ်ရောဂါဆိုးများသည် ကျွန်ုပ်တို့ရှင်သန်မှု၏ အကန့်အသတ်ကို သတိပေးနေခြင်းသာဖြစ်လေသည်။ အစွမ်းထက်လှသည့်စစ်လက်နက်များရှိသော်ငြားလည်း မျက်စိဖြင့် မမြင်နိုင်သော သေးငယ်လှသည့် ပိုင်းရပ်စ်ပိုးအောက်တွင် ကျွန်ုပ်တို့ကျရှုံးရလေသည်။ လူသတ်လက်နက် အမြောက်အမြားရှိနေသော်လည်း အဆိုပါရောဂါအတွက် ကာကွယ်ဆေးကိုမူ မထုတ်လုပ်နိုင်သေးပေ။ လူ့ဘဝမှာ ရောင်းကုန်ပစ္စည်း သဖွယ်ဖြစ်လာသည်။ စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းသာကြည့်သောအခါ လူ့ဘဝ၏ သန့်ရှင်းမွန်မြတ်မှုကို လျစ်လျူရှုလာကြသည်။ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် အရေးတို့၌ တရားမျှတမှုကင်းမဲ့နေခြင်းကို တိုက်ဖျက်ရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က သတိပေး နှိုးဆော်ထားပြီးဖြစ်သည်။ကျမ်းစာတော်မြတ်က လူသားများအား အသက်ကိုသာ အမြဲတစေရွေးချယ်ရန် အစဉ်တစိုက် တိုက်တွန်းထားသည်။ တရားဟောရာကျမ်း (၃၀း၁၉-၂၀)တွင် ထာဝရဘုရားသခင်၏ တံပိုးမှုတ်သံမှာ ပြတ်သားလှပေသည်။ အသက်ကိုသာ ရွေးချယ်ကြပါ။ အသက်ရှင်ခြင်း၊ သေခြင်း၊ ကောင်းချီးပေးခြင်း၊ ကျိန်ခြင်းတို့ကို သင့်ရှေ့၌ ငါထားသည်ဟု သင့်တစ်ဖက်၌ ကောင်းကင် မြေကြီးကို ငါတိုင်တည်၏။ သို့ဖြစ်၍ သင်နှင့် သင့်အမျိုးအနွယ်သည် အသက်ရှင်မည် အကြောင်း နှင့်လည်းကောင်း၊သင်၏ဘုရားသခင် ထာဝရဘုရားကိုချစ်၍ စကားတော်ကို နားထောင်သဖြင့် အသက်ရှင်ခြင်း အကျိုး၊ အသက် တာရှည်ခြင်းအကျိုးကို ပေးတော်မူသော ကိုယ်တော်ကို ဆည်းကပ်မှီဝဲမည့်အကြောင်းနှင့်လည်းကောင်း၊ ထာဝရဘုရားသည် သင်၏ ဘိုးဘေး အာဗြာဟံ၊ ဣဇက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်၌ နေမည့်အကြောင်းနှင့်ယှဉ်သော အသက်တရားကို ရွေးချယ်လော့ဟု ဣသရေလအမျိုးအား ဟောပြော၏။ အရေးပေါ် အကူအညီများပေးရန် အသင့်အနေအထားရှိနေပြီဖြစ်သော်လည်း လူ့ဘဝ၏ အဓိပ္ပာယ်နှင့် လူသားတို့၏ နောက်ဆုံးပန်းတိုင်ကို သိရှိရန် အမျိုးမျိုးသောအခြေအနေတို့ကို အထူးတလည် ဆန်းစစ်ရန် လိုအပ်လေသည်။ လူ့ဘဝ၏ နက်ရှိုင်းသောတန်ဖိုးကို မသိရှိသောအရပ်၌ သန့်ရှင်းမွန်မြတ်သောအရာဟူသမျှကို ရောင်းကုန်သဖွယ် သဘောထားပြီး လူ့ဘဝကိုလည်း စျေးကွက်အတွင်းမှ ကုန်ပစ္စည်း အစိတ်အပိုင်းတစ်ခုမျှသာ တန်ဖိုးထားလေသည်။ ရုံဖန်ရံခါ ဆိုသကဲ့သို့ သဘာဝ ဘေးအွန္တရာယ်များနှင့် ကပ်ရောဂါဆိုးများဖြစ်ပေါ်ခြင်းသည် ကျွန်ုပ်တို့၌ ကမ္ဘာဂြိုဟ် တစ်ခုတည်းသာရှိကြောင်းကို သတိပေးလျက်ရှိသည်။ ကျွန်ုပ်တို့ရပ်လျှင် အတူတကွရပ်၍ လဲကျလျှင်လည်း အားလုံး အတူတကွ လဲကျမည်သာဖြစ်သည်။ မိမိအကျိုးတစ်ခုတည်းကိုသာ ကွက်ကြည့်မနေဘဲ သင်ခန်းစာ ယူထိုက်သည်များကို သင်ယူမှတ်သားရပေလိမ့်မည်။ထိုအခြင်းအရာတို့မှာ ရေရှည်လုပ်ဆောင်ရမည့်အရာများဖြစ်ကြသည်။ လတ်တလော အရေးပေါ် လုပ်ဆောင်ချက်အနေဖြင့် ရောဂါကူးစက်ခံနေကြရသော ညီအစ်ကိုမောင်နှမများအတွက် ကျွန်ုပ်တို့ ဆုတောင်းပေးကြရမည်။ ၎င်းတို့အား ကြင်နာမှုပြသကြရမည်။ လူသားတို့အောင်နိုင်မည့် အချိန်ရောက်လာပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ကြင်နာသနား စိတ်ထားရန်အတွက် ကျေးဇူးတော်အလုံအလောက်ရရှိခဲ့ကြပြီးဖြစ်သည်။ ကျွန်ုပ်တို့အတူတကွစုပေါင်းလုပ်ဆောင်ပါက ယခုတစ်ကြိမ်တွင်လည်း ဤကြောက်မက်ဖွယ် ကပ်ရောဂါဆိုးကို အောင်နိုင်ပါလိမ့်မည်။

ရင်းနှီးချစ်ကြည်မှုများစွာဖြင့်၊
ကာဒီနယ်ချားလ်စ်ဘို၊(S.D.B)
ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်



Archdiocese of Yangon

Archbishop's House
289 Theinbyu Road
Botahtaung P.O.11161
Yangon, Myanmar
Tel: 95-1-392517 / 392667 / 245467, Fax: 95-1-379059
၂၈၉၊ သိမ်ဖြူလမ်း ဗိုလ်တထောင်စာတိုက် ၁၁၁၆၁၊ ရန်ကုန်မြို့၊
Email: mcharlesbo@gmail.com; secygn@gmail.com

ရက်စွဲ ။ ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီ(၁၆)ရက်

လေးစားချစ်ခင်ရပါသော
ရဟန်းတော်များ၊ သူတော်စင်များနှင့် ဘာသာဝင်သားသမီးအပေါင်းတို့

ရက်မြတ်ချိန်ခါ ချုပ်တီး မြိုးဆွံမှုပြုရသော ဝါတွင်းကာလသည် ဖန်ဆင်းသခင် ဘုရားရှင်မြတ်နှင့် ဖန်ဆင်းခံလူသားများကြား၌၎င်း၊ လူသားအချင်းချင်းကြား၌၎င်း၊ လူသားနှင့် ဖန်ဆင်းခံ သဘာဝ လောက ကမ္ဘာကြား၌၎င်း ပျက်စီးအားနည်းနေသော ပေါင်းသင်းဆက်ဆံရေးကို အသစ်တဖန် ပြန်လည်ပြုပြင် တည်ဆောက်ရသော ကျေးဇူး တော်အချိန်ပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့လူသားတို့၏ အထိန်းအချုပ်မဲ့ အတောမသတ်သော လောဘရမ္မက် အတ္တ ဇော်မှုများကြောင့် ကျွန်ုပ်တို့အသက်ရှင်ရန်အတွက် မှီခိုနေထိုင်ရာ လောကကမ္ဘာကြီး ၏ ရေ၊ လေ၊ မြေနှင့် တောတောင် သတ္တဝါတို့သည် ဖြုန်းတီးပျက်ဆီးခြင်းကို ဆိုးယွားစွာခံစားနေရကြောင်း၊ စိုးရိမ်ဖွယ် မျက်ဝါးထင်ထင်တွေ့ မြင်နေရပေရာ ဖန်ဆင်းသခင်နှင့် လူသားများကြား၊ ဖန်ဆင်းခံလူသားနှင့် သဘာဝပတ်ဝန်းကျင် သတ္တဝါများ ကြား၌ ငြိမ်းချမ်းသာယာသောဆက်ဆံမှု၊ စိုပြေစိမ်းလန်းသော ကမ္ဘာ့ပတ်ဝန်းကျင်နှင့် သင့်တင့်မျှတသော ရာသီဥတုများကို ထိန်းသိမ်းထားနိုင်ရေး အတွက် အတ္တဆန်သော ကျွန်ုပ်တို့၏ အတွေးအခေါ်၊ အရေးအသား၊ အပြောအဆို၊ အမူအကျင့်များကို ပြောင်းလဲပစ်ကြရန် အထူးပင်အရေးတကြီး လိုအပ် နေပေသည်။


သို့ဖြစ်ပါ၍ ဝါတွင်းကာလ ဖေဖော်ဝါရီ(၂၆)မှ ဧပြီ(၁၂) သခင်ယေရှု ရှင်ပြန် ထမြောက်သော ပွဲနေ့ကြီးတိုင် လက်တွေ့ကျကျနေ့စဉ် ကျင့်ကြံကြိုးစား အားထုတ်နိုင်သော အချက်များကို သီးသန့်ဖော်ပြ၍ လိုက်နာနိုင်ပါရန် အကြံပြု နှိုးဆော်အပ်ပါသည်။ မထင်မရှားသေးငယ်သော အမှုများဖြစ်စေကာမူ၊ အံ့ဖွယ်သော ရလဒ်များကို ရယူပေးနိုင်မည့် အရေးပါသော အချက်များ ပင်ဖြစ်သည်။

ဘုရားရှင်နှင့်သော်၎င်း၊ မိမိမိတ်ဆွေများနှင့်သော်၎င်း၊ သဘာဝပတ်ဝန်းကျင်နှင့် သော်၎င်း၊ ပြန်လည်နှီးကပ် မိတ်သဟာရဖွဲ့နိုင်ကြပါစေ၊ အကျိုးအထူးသက် ရောက်သော ဝါတွင်းကာလ ဖြစ်ပါစေဟုလည်း ဆန္ဒမွန်ပြု ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

+ Charles
ကာဒီနယ်ချားလ်(စ်)ဘို
ဂိုဏ်းချုပ်ဆရာတော်ကြီး
ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ

+ John
ဂျွန်စောယောဟန်
လ/ထ ဆရာတော်
ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ

www.yangonarchdiocese.org





# (၁၆)ကြိမ်မြောက် လှုဒ်(စ်) မယ်တော်သခင်မပွဲ စိန့်ဂျွန်း (မောင်ထော်လေး)

ရန်ကုန်ဂိုဏ်းချုပ်သာသနာပိုင် စိန့်ဂျွန်း မောင်ထော်လေးသာသနာတွင် အပြစ်မဲ့သန္ဓေ ယူတော်မူသော မယ်တော်သခင်မပွဲကို ၂၅-၁-၂၀၂၀ မှ ၉-၂-၂၀၂၀ ရက်နေ့ အထိ ညနေ ၅နာရီတွင် ကျင်းပခဲ့ကြပါသည်။ ၂၅ ရက် နိုဗီနား ပထမနေ့တွင် အမိမယ်တော် သခင် မ၏ အလံတင်ခြင်းဖြင့်စတင်၍ မွန်ဆီညော် ဖရန်စစ်မှ ဦးဆောင်ပြီး ရဟန်းတော်များ ပါဝင်ကာ မွန်စွားတရားတင်ပူဇော်ခဲ့ကြသည်။ နိုဗီနာ တတိယနေ့နှင့် နဝမနေ့တွင် တမီလ်ဘာသာ၊ ဆဋ္ဌမနေ့တွင်ကရင်ဘာသာ၊ သတ္တမနေ့တွင် ကချင်ဘာသာစသည့် ဘာသာစကားအသီးသီးဖြင့် မွန်စွားတရား ပူဇော်ခဲ့ကြပါသည်။ ပွဲတော်နေ့ ကြီးဖြစ်သော ၉-ရက်(တနင်္ဂနွေ)နေ့တွင် အဖကာဒီနယ် ချားလ်စ်ဘို၊ ဆရာတော် ဂျွန်စောယောဟန်နှင့် ရဟန်းတော်များ စုပေါင်းမွန်စွားတရားတော်ကို တင်ပူဇော်၍ ဖာသာရ် မာရီယားနို စိုးနိုင်မှ ဩဝါဒမြွက်ကြားခဲ့ကာ အမိမယ်တော်အား ဂုဏ်ပြုချီးမွမ်း ခဲ့ကြပါသည်။ ပွဲတော်၏ နိုဗီနာ နောက်ဆုံးရက် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် မြို့တွင်း စီတန်းလှည့်လည်ခြင်း ကို သဒ္ဓါကြည်ညို စိတ်ဖြင့် ဖယောင်းတိုင် မီးများ ကိုင်ဆောင်၍ လှည့်လည်ခဲ့ကြပါသည်။ ကိုယ်တော်မြတ် စက္ကရမင်တူး ပင့်ဆောင်သောကား၊ ကရုဏာရှင်ယေရှု၊ စိန့်ဂျွန်းဆင်းတုတော်နှင့် အမိမယ်တော်ဆင်းတုတော် တင်ဆောင်သော ကားများပါဝင်၍၎င်း၊ ဓမ္မသီချင်းနှင့် စိတ်ပုတီးဦးဆောင် ပေးသောကား(၂)စီး ဖြင့်၎င်း စည်းကမ်းတကျ စည်ကားစွာဖြင့် မြို့တွင်း ဒေသစာရီ ကြွချီလှည့်လည်ခဲ့ကြပါသည်။ နိုဗီနာ နေ့ရက်တိုင်း မွန်စွားပူဇော်ခြင်း၌ ပူဇော်ခြင်း အစီစဉ်ပါဝင်၍ အဖွဲ့အစည်းတစ်ဖွဲ့ချင်းမှ ဦးဆောင်ကာ ဘာသာဝင်များ ပါဝင်ပူဇော် ကြပါသည်။ နိုဗီနာရက်များ အစ၊ အလယ်၊ အဆုံး အကျွေးအမွေးဖြင့် ဧည့်ခံခဲ့ပါသည်။ မွတ်ဆလင်၊ ဟိန္ဒူ အဖွဲ့အစည်းမှလည်း စတုဒိသာ အချိုရည်၊ အအေးများဖြင့် ကုသိုလ်ပါဝင်ခဲ့ကြပါသည်။ ပွဲတော်မကျင်းပမီ ပွဲတော်ကြီး ကျင်းပနိုင်ရန်အတွက် စိန့်ဂျွန်းသာသနာကျောင်းထိုင်နှင့် တွဲဖက်ဘုန်းတော်ကြီးတို့မှ ဦးဆောင်ကာ သာသနာ့ အကျိုးဆောင် အဖွဲ့ဝင်များ စည်းလုံး ညီညွတ်စွာ အတူလက်တွဲ လျက် အစည်းအဝေးများထိုင်၍ လုပ်ငန်းတာဝန်များကိုခွဲဝေယူခြင်း၊ အစည်းအဝေး ဆုံးဖြတ်ချက်နှင့် လုပ်ငန်းစဉ်များအတူ လုပ်ဆောင်ခဲ့ကြ၍၎င်း၊ အမိမယ်တော်၏ ကူညီစောင်မလမ်းညွှန်ပြသပေးမှုကြောင့်၎င်း၊ အဖွဲ့ အစည်းဝင်များ၏ စည်းလုံးညီညွတ်မှုများကြောင့်၎င်း မယ်တော်သခင်မ ပွဲတော် ကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဤပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးဆောင်ဦးရွက်ပြု ပေးပါသော FR. JOSEPH မောင်ဂင်း တွဲဖက် FR. BRUNO ကျော်မိုးသူ ပွဲတော်ရက်တိုင်း ပွဲအလှနှင့်ဘုရားစင် ပြင်ဆင်ပေးသော စိန့်ဖရန်စစ်ဖေးဗီးယားသီလရှင်များ၊ လူငယ်ကွာယာတွင် ကူညီ ပူးပေါင်းပေးသော ကောင်း သောသိုးထိန်း သီလ ရှင်များအဖွဲ့၊ အဖက်ဖက်မှ ပါဝင်ပေးကြသော သာသနာ့ အကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့နှင့် အဖွဲ့ အစည်းအားလုံး၊ အကျွေးအမွေးနှင့်ဆွမ်း အလှူရှင်များအားလုံး၊ချက်ပြုတ်ဆေးကြောတာဝန်ခံ မထရေဇားနှင့်အဖွဲ့၊ မီး TV အသံပိုင်းဆိုင်ရာတာဝန်ခံများအဖွဲ့၊ နိုဗီနာပွဲတစ်လျှောက် ကူညီပေးသူ၊ ဆက်ကပ်ပေးခဲ့ကြသူများ၊ ပွဲတော်ကြီးကို မှတ်တမ်းတင်ရိုက်ကူးပေးသူ RVA အဖွဲ့နှင့် ကြွရောက်လာကြသော ဘုရားဖူး သူတော်စင်များအားလုံးကို စိန့်ဂျွန်း မောင်ထော်လေး သာသနာမှ အထူးလှိုက်လှဲစွာကျေးဇူးတင်ဂုဏ်ပြု၍မှတ်တမ်းတင်အပ်ပါသည်။ "တစ်ဦးစီတိုင်း အပေါ် ဘုရားရှင်ကောင်းချီးပေး၍ အမိမယ်တော်၏ ဆုတောင်းပေးမှု ခံယူရရှိကြပါစေ"

OSC Yangon



# သာသနာပြုစိန်ပေါလ်သီလရှင်များ၏ တတိအကြိမ်မြောက် အထွေထွေညီလာခံကျင်းပခြင်း



သာသနာ ပြု စိန်ပေါလ် သီလရှင်များအသင်းဂိုဏ်း၏တတိယအကြိမ်မြောက် အထွေထွေ ညီလာခံ အစည်းအဝေးနှင့် နှစ်ပတ်လည်ပြန်လည်ဝတ်စောင့်ခြင်းကို ဖေဖော်ဝါရီ (၂)ရက်နေ့မှ (၁၂)ရက်နေ့အထိ သန်လျှင်မြို့ရှိ MSP ဗဟိုကျောင်းတွင် ကျင်းပခဲ့ကြသည်။ (၅)ရက်တာ ဝတ်စောင့်ခြင်းဖြင့်အစပြုခဲ့ပြီး ဤဝတ်စောင့်ခြင်း၏ ပထမနေ့တွင် ရန်ကုန် ဂိုဏ်းချုပ်လက်ထောက် ဆရာတော် ဂျွန်စောယောဟန် ဦးဆောင်ပေးပြီး ကျန်ရက်များတွင်လာဇလက်ဂိုဏ်းဝင်ဘုန်းတော်ကြီး ဖာသာရ် နီကောဒေမူးမှ ဆက်လက်ဦးဆောင်ခဲ့သည်။ ဤဝတ်စောင့်ခြင်းတွင် သူတော်စင်တို့၏ ကျင့်စဉ်များ ဖြစ်သော ဆင်းရဲခြင်း၊ နာခံခြင်း၊ ဖြူစင်ခြင်း ကတိသစ္စာများပေါ် အခြေခံလျှက် သူတော်စင်တို့၏ ဘဝအသက်တာအား ဟန်ဆောင်မှုကင်းစွာ အသိစိတ်ဖြင့် သတိမူပြီး သတိတရားနှင့် ဆင်ခြင်ကာ အတွင်း စိတ်လွတ်လပ်စွာ တစ်ပါးသူအား အစေခံ ကြရမည်ဖြစ်ကြောင်း ဝေငှပေးခဲ့ပါသည်။ ဂိညာဉ်တော်၏အသီးအပွင့်များ သီးပွင့်နိုင် စေရန်လည်းအားပေးခဲ့ပါသည်။ ၈.၂.၂၀၂၀ နံနက် ၆း၃၀တွင် တတိယအကြိမ်မြောက် သာသနာပြု စိန်ပေါလ် သီလရှင်များ အသင်းဂိုဏ်း၏ အထွေထွေ ညီလာခံကြီးအား ရန်ကုန်သာ သာနာပိုင် အဖ ကာဒီနယ်ချားစ်ဘို၏ တောင်းဆို ချက်ဖြင့် စိန်ဖရန်စစ်အစီစီ၊ တာမွေမှ ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာရ် ဆိုင်းမွန်းတင်မောင် တက်ရောက်ကာ သီလရှင်တို့၏ ဘဝအသက်သာဖြင့် ရှင်သန်ရာတွင် သာသနာအား အကျိုးပြုခြင်း၊ သာသ နာတော်သည် နိုင်ငံတော်အား ပံ့ပိုးခြင်း၊ အချင်းချင်း မှီခိုအားထားလျှက် ထိုနေ့တွင် ဖတ်ကြားရသော ရှောလမုန်မင်းကြီးကဲ့သို့ အကောင်းအဆိုးကို ခွဲခြားနိုင်သော ဉာဏ်ပညာအား တောင်းခံရန် လိုအပ်ကြောင်းနှင့် အသင်းဂိုဏ်းအတွင်း လုပ်ဆောင်နေသော အရာများအပေါ် ဘုရားသခင် ကျေးဇူး သက်ရောက်စေကြောင်း ဆုမွန်ကောင်း တောင်းလျှက် အခမ်းအနားအား အဆုံးသတ်ခဲ့ပါသည်။



၈.၂.၂၀၂၀ မှစ၍၁၂.၂.၂၀၂၀ နေ့အထိ အထွေထွေညီလာခံကြီးအား စတင်ကျင်းပရာ ကိုယ်စားလှယ် သီလရှင်ပေါင်း(၅၀)နှင့် လေ့လာသူအဖြစ် စိန်ပေါလ်ဂိုဏ်းဝင် ဖာသာရ် သောမတ်စ်ကျန်းရင်းတက်ရောက်ပြီး ညီလာခံကြီးအား ဒေါ်မိနီကန်ဂိုဏ်းဝင် ဖာသာရ် ဂျော့ဖေမာန်မှ ဦးဆောင်ပေးခဲ့သည်။ ညီလာခံတွင်ဆွေးနွေးခဲ့ကြသောခေါင်းစဉ်များမှာ

၁။ RELIGIOUS CONSECRATION
၂။ RELIGIOUS OBSERVANCES
၃။ MSP MISSION
၄။ ECONOMIC ADMINISTRATION
၅။ MSP GOVERNMENT

စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေး၊ သုံးသပ်၊ အကြံပြုခဲ့ကြသည်။ ထို့နောက် အသင်းဂိုဏ်းအတွက် နောက်ထပ်(၆)နှစ်တာ ဆက်လက်တာဝန်ယူပေးမည့် GENERAL COUNCIL အဖွဲ့အား ပြန်လည်မဲပေး ရွေးချယ် ခဲ့ရာတွင်

၁။ SUPERIOR GENERAL: SR. RUFINA
၂။ VICE GENERAL : SR. EUGENIE PAUL
၃။ COUNSELORS:
- SR. RITA CING DON NIANG
- SR. ELIZABETH CING MANG LIAN
- SR. THERESA NI NI AUNG
၄။ ECONOMER : SR. ROSE MARY PWINT PHYU SOE
၅။ SECRETARY : SR. ANGEL THAN THAN SOE

တို့မှ အသီးသီးတာဝန်များကို လက်ခံရရှိခဲ့ကြသည်။

SR. THERESA NI NI AUNG, MSP

---

စာမျက်နှာ - ၁၂ မှ

ထိုင်ရမည့် ဒေါနော်ကူးရွာသို့ ရောက်ခဲ့ပြီး လုပ်ငန်းများ စတင်စီမံရပါတော့သည်။ သူတော်မြတ်ဘုန်းတော်ကြီးသည် ကရင်တိုင်းရင်းသားများ ဘာသာဝင်ရောက်ရေးနှင့်ပတ်သက်၍ ပူပန်လျှက်ရှိ၏။ သူ့အမြင်၌ ရိတ်သိမ်းရန် အချိန်တန်သည့်ပေါ်များကြွယ်ဝသည့် သီးနှံခင်းကြီးအဖြစ်မြင်နေသည်။ အနောက် ရိုးမခြမ်းတစ်ကြောသို့လည်း၊ လှုပ်ရှားခြေဆန့်ခဲ့ရာတွင် အဟန့်အတားများ၊စိန်ခေါ်မှုများကြောင့်တစ်ချို့တစ်ဝက်သာလျှင် အောင်မြင်မှု ရရှိခဲ့လေသည်။ ၁၉၃၉ခုနှစ်တွင် နာဇီများက ပိုလန်ကိုကျူးကျော် သိမ်းပိုက်လိုက်ခြင်း၏ ဂယက်သည် ဝေးလံလှသည့် မြန်မာနိုင်ငံသို့တိုင်အောင် ရိုက်ခတ်ခဲ့သည်။ သို့ဖြင့်မြန်မာပြည်ရှိ အီတာလျံ သာသနာပြုများကို ထိခိုက်စေမည့် အကျိုးဆက်များကို သယ်ဆောင်လာ ပေးတော့သည်။ ၁၉၄၂ခုနှစ်တွင် ကယားပြည်နယ်၊ မိုဆိုတိုက် နယ်သို့သွားရောက်ကာ၊ ဘုန်းတော်ကြီး ယူဂျီးနီယိုဘော်ဆားနို၏ နေရာတွင် အစားထိုးတာဝန်ယူခဲ့ရသည်။ ၁၉၅၀- ခုနှစ်တွင် ပြည်တွင်းစစ် တစ်ရပ်ကြောင့် ဘုန်းတော်ကြီးသည် ဒေါနော်ကူးရွာရှိ ကလေးသူငယ်များ၊သီလရှင်များ၊ရွာသူရွာသားများအချို့နှင့်အတူ တောင်ငူမြို့သို့ ရှောင်တိမ်းခဲ့ရသည်။ ၁၉၅၂ခုနှစ်၏ ခရစ်တော်ရှင်ပြန်ထမြောက်တော်မူသည့်အီစတာပွဲနေ့အတွက် ဒေါနော်ကူးသို့ မဖြစ်မနေပြန်ရန် ဆုံးဖြတ်လိုက်လေသည်။ အီစတာ ပွဲမှစ၍ ရွာသူရွာသားများ ပြန်လာကြပြီဖြစ်ရာ ခါတိုင်းလို နေထိုင် သွားလာကြသည်။ သို့သော် ကံအကြောင်းကား၊ အကောင်းကြီးသိပ်ပြီး မကျန်လိုက်ပါ။ နေရင်းထိုင်ရင်း သူသျှိုဟု သတ်မှတ်ခြင်းခံခဲ့ရကာ ဒေါသမီး လျှံနှစ်ခုအကြားစစ်ပွဲဖြစ်စဉ်၁၉၅၃ခုနှစ်၊ ဇန်နဝါရီလတွင် တပ်တစ်စု ရွာထဲဝင်ပြီး ဘုန်းကြီးကျောင်းသို့ တန်းဝင်ကာ တွေ့သမျှ ရိုက်နက်လေတော့သည်။ ၎င်းကိုတွေ့ရသော ဘုန်းတော်ကြီးက လက်နက်ကိုင်များ မဟုတ်ပါကြောင်း၊အပြစ်မရှိပါကြောင်း ဝင်တားလေရာ ရုတ်တရက် စက်သေနတ်ကျည်များပလူပျံလေတော့သည်။ ဦးစွာ ရွာလူကြီးလဲကျ၍ ဘုန်းကြီးလည်း ကျည်များစွာထိကာ လဲကျသေဆုံး ခဲ့ရလေတော့သည်။

FR. ABEL အောင်ထွန်း (တောင်ငူသာသနာ)



ဘုန်းတော်ကြီး အာရ်ဖရေးဒိုခရေရိုနေးဆီ အသုံးပြုခဲ့သော ခရူးစ်

# မြန်မာနိုင်ငံမန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာသို့ ဂျပန်နိုင်ငံတိုကျိုဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီး ISAO KUKICHIနှင့်အဖွဲ့အလည်အပတ်ကြွရောက်လာခဲ့ခြင်း





မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာသို့ဂျပန်နိုင်ငံတိုကျိုဂိုဏ်းချုပ်သာသနာမှကြွရောက်လာသောဂိုဏ်းချုပ်ဆရာတော်ကြီး ISAOKIKUCHIနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ(၃) ရက်နေ့က မြန်မာနိုင်ငံ မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာသို့အလည်အပတ်ကြွရောက်ခဲ့ကြပါသည်။

အလည်အပတ် ကြွရောက်လာသော ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် အဖွဲ့ဝင်များအား မန္တလေးကက်သလစ်ဂိုဏ်းချုပ် သာသနာပိုင် ဆရာတော်ကြီး မာကုတင်ဝင်းနှင့် အတူ ဘုန်းတော်ကြီးများ၊သီလရှင်များ၊ ကိုရင်ကြီးများနှင့် ကက်သီဒြယ်ကျောင်းဝင်း အတွင်းရှိ ဆက်ကပ်ဝန်ထမ်းများမှ လှိုက်လှဲပျူငှာစွာဖြင့်ကြိုဆိုခဲ့ကြပါသည်။ ဂျပန်နိုင်ငံ တိုကျိုဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီးသည် ဆရာတော်ကြီးမာကုတင်ဝင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ကြွရောက်လာခဲ့ခြင်း ဖြစ်ကြောင်းသိရှိရပါသည်။ တိုကျိုဂိုဏ်းချုပ် ဆရာတော်ကြီးသည် ပြင်ဦး လွင်မြို့(၂၂) ချယ်ရီလမ်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းဖြစ်တက္ကသိုလ် ဒဿနိကဗေဒ ကျောင်းဝင်းအတွင်းရှိ (၃)ထပ်တိုက် အဆောက်အဦးအသစ် (၂)လုံးအား လှူဒါန်းပေးခဲ့သည့် အလှူရှင်လည်း ဖြစ်ပါသည်။ ယခုထပ်မံ ဆောက်လုပ်မည့် တတိယမြောက် အဆောက်အဦး အသစ်အားလည်း တိုကျို ဂိုဏ်းချုပ်ဆရာတော် ကြီးမှ လှူဒါန်းခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ(၄) ရက်နေ့က ၎င်းအဆောက်အဦး အသစ်ဆောက်လုပ်မည့်မြေ အုတ်မြစ်ချခြင်းအား ကောင်းချီးပေးခြင်းကိုတိုကျိုဂိုဏ်းချုပ်ဆရာတော်ကြီး ကိုယ်တိုင် ဦးဆောင်၍ကောင်းချီးပေးခဲ့ခြင်း ဖြစ်ပါသည်။ ကောင်းချီးပေးပြီးနောက် မေဂျာကျောင်းဝင်းအတွင်း အမှတ်တရအဖြစ် ချယ်ရီပင်တစ်ပင်ကို စိုက်ပျိုးခဲ့ကြပါသည်။ ထို့နောက် မေဂျာမှ ကိုရင်များ၊ ပြင်ဦးလွင် စိန့်အာလွိုင့်ရှက်(စ်)မှ သီလရှင်လောင်းများနှင့် ကလေးငယ်များမှ တေးသရုပ်ဖော်အကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး ဆရာတော်ကြီးနှင့် အဖွဲ့ဝင်များအား ရိုးရာယဉ်ကျေးမှု လက်ဆောင်များ ပေးအပ်ခဲ့ကြပါသည်။ ထို့နောက် ဖေဖော်ဝါရီလ (၅) ရက်နေ့ နံနက် (၆း၃၀) တွင် တိုကျိုဂိုဏ်းချုပ် ဆရာတော်ကြီး ISAO KI-KUCHI မှ မစ္ဆား တရားတော်မြတ်ကို ဦးဆောင် ပူဇော်၍ ST.PAUL MIKI ပွဲနေ့ကို ကျင်းပခဲ့ကြပါသည်။

(၃-၄၊ ၂၊ ၂၀၂၀)

PINKY

(MDY-OSC / RVA MYANMAR SERVICE)

# ST.PETER BROTHER အသင်းဂိုဏ်းမှ ဘာရာသာရ်များသစ္စာခံယူပွဲ





တောင်ငူဂိုဏ်းအုပ်သာသနာမှ ST.PETER BROTHERSများ သစ္စာခံယူပွဲကို (၈.၂.၂၀၂၀)နေ့ ညနေ( ၄း၀၀)နာရီတွင် လိပ်သိုမြို့ မယ်တော်ရင်ပြင် စတိတ်စင်၌ မယ်တော် သခင်မပွဲတော်နှင့် အတူ ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။ ၎င်းအစီအစဉ်ကို တောင်ငူဂိုဏ်းအုပ်သာသနာ ဂိုဏ်းအုပ်ဆရာတော်ကြီး အိုက်ဇက်ဓာနမှ ဦးဆောင်ဦးရွက်ပေးကာ ဘာရာသာရ်များအား စစ်ဆေးမေးမြန်းရာ ကတိဝန်ခံချက်များ ပြုလုပ်ပြီး အသင်းဂိုဏ်းမှ အကြီးအကဲဖြစ်သော BROကြီး MARTIN သိန်းဟန်ရှေ့မှောက်တွင် သစ္စာရွတ်ဆိုခဲ့ကြပါသည်။ ယာယီသစ္စာခံယူခဲ့ကြသော BRO.JOHNအိုင်ဟုန်း(တောင်ငူသာသနာ)၊ ဘီစီကုန်းတိုက်နယ်၊ သာအောက်ကျေးရွာ)နှင့် BRO. CELESTINO ကနောင်း(တောင်ငူသာသနာ ၊ ထီးသာစောတိုက်နယ်၊ ခလိုမူချီးကျေးရွာ)တို့ဖြစ်ကြပြီး ရာသက်ပန် သစ္စာခံယူခဲ့သူ BRO.STEPHEN သိန်းအောင် (ကျိုင်းတုံ သာသနာ ၊သီရိတိုက်နယ်၊ပနော့ကျေးရွာ) တို့ဖြစ်ကြပါသည်။ ဆရာတော်ကြီး အိုက် ဇက်ဓာနနှင့် အတူ အီတလီနိုင်ငံမှ ဆရာတော်ကြီး DANIELEM GIONOTTI နှင့် ရဟန်းတော် (၆၇)ပါးတို့မှ မစ္ဆားတရားတော်မြတ်ကို အတူတကွ တင်ပူဇော်ကာ ပါဝင်ဆုတောင်းလာသူ (၁၀၀၀၀) ကျော်ရှိ ပါသည်။

ဒက်ဇူးမယ် (I.S.R)





# ဓမ္မအာဇာနည် သူတော်မြတ် တင်မြှောက်ခြင်းခံရသော ဘုန်းတော်ကြီး အာရ်ဖရေးဒိုခရေမိုနေးဆီ အားဂုဏ်ပြုပွဲ ကျေးဇူးတော် ချီးမွမ်းခြင်း မဿားတရားတော်မြတ် (တောင်ငူသာသနာ )

တောင်ငူသာသနာမှ ဓမ္မအာဇာနည်သူတော်မြတ်တင်မြှောက်ခြင်းခံရသော ဘုန်းတော်ကြီး အာရ်ဖရေးဒိုခရေမိုနေးဆီ အားဂုဏ်ပြုပွဲ ကျေးဇူးတော် ချီးမွမ်းခြင်း မဿားတရားတော်မြတ်ကို ရွှေတန်ဆောင်းတိုက်နယ်၊ ကရင်နီကုန်းကျေးရွာရှိ အသက်ပေးစွန့်လှူခဲ့သောနေရာ၌ (၇.၂.၂၀၂၀)ညနေ ၄း၀၀နာရီတွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ၎င်းအစီအစဉ်ကို တောင်ငူဂိုဏ်းအုပ်သာသနာ ဆရာတော်ကြီး အိုက်ဇက်ဓာန မှ ဦးဆောင်ဦးရွက် ပြုပေးကာ ကျေးရွာအတွင်းရှိ ခေါင်းလောင်းစင်အသစ်အား ကောင်းချီးပေးခြင်း၊ အသက်ပေး စွန့်လှူခဲ့သော ဓမ္မအာ ဇာနည်သူတော်မြတ် ဘုန်းတော်ကြီး၏ သမိုင်းအတ္ထုပ္ပတ္တိကို ဖတ်ကြားခြင်းနှင့်ဥယျာဉ်ထဲသို့စီတန်းလှည့်လည်ကာ သူတော်မြတ်၏မှတ်တိုင်ကောင်းချီးပေးခြင်းနှင့်အတူ မဿားတရားတော်မြတ် တင်ပူဇော်ခဲ့ကြပါသည်။ အီတလီနိုင်ငံမှ ဓမ္မအာဇာနည် သူတော်မြတ်၏ CREMA သာသနာပိုင် ဆရာ တော်ကြီး BP.DANIELEM GIONOTTIနှင့် အတူ REV.FR.MAURIZI ၊ REV.FR.ELIO ၊ REV.PIERO နှင့် သူတို့၏ ဆွေမျိုးများ ပါဝင် ခဲ့ကြ ပါသည်။ ၈.၂.၂၀၂၀ နံနက် (၈း၀၀ နာရီ)တွင် မြန်မာနိုင်ငံ တောင်ငူသာသနာတွင် သူတော်မြတ် သုံးဦးဖြစ်သော REV.FR.ပေါလိုမားနာ၊ REV.FR.အာရ်ဖရေးဒိုခရေ မိုနေးဆီနှင့် ဓမ္မဆရာ အီဆီဒေါရိုင်နီး ကိုလတ်တို့အတွက် ဂုဏ်ပြု ကျေးဇူးတင် မဿားတရားတော်မြတ် ပြုလုပ်ကာ လိပ်သိုမြို့ ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု ကလေးသူငယ်များ ပုံပုလွေအဖွဲ့၊ ရွှေတန်ဆောင်း ဘင်ခရာအဖွဲ့နှင့် လွိုင်ကော်သာသနာ ဒေါနောကူးကျေးရွာ ဘင်ခရာအဖွဲ့တို့မှ ကြွရောက် ဂုဏ်ပြုတီးမှုတ် ချီးမွမ်းအားပေးခဲ့ကြပါသည်။ ဆရာတော်ကြီး (၂)ပါး၊ရဟန်းတော် (၅၂)ပါး နှင့်ဘုရားဖူးလာသူ (၁၀၀၀) ကျော်ရှိပါသည်။

ဒက်ဖူးမယ် (I.S.R)





လိပ်သိုမှ ကလေးသူငယ်အဖွဲ့

## ဓမ္မ အာဇာနည် သူတော်မြတ် ဘုန်းတော်ကြီး အာလ်ဖရေးဒို ခရေမိုနေးဆီ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

ဓမ္မ အာဇာနည် သူတော်မြတ် ဘုန်းတော်ကြီး အာလ်ဖရေးဒို ခရေမိုနေးဆီ သည် အီတလီနိုင်ငံ မြောက်ပိုင်းရှိ ရီပါးလ်တာ ခရီမားစ်ကာ ကျေးရွာတွင် ၁၉၀၂ ခုနှစ်၊ မေလ (၁၆)ရက်တွင် အဖ ဟင်နရီခရေမိုနေးဆီ နှင့် အမိ စကရတ္တာဘဲလ်တာတို့မှ ဖွားမြင်ခဲ့သည်။သူတော်မြတ်၏ကျောင်းသားဘဝကို ရှစ်နှစ်သားအရွယ်တွင် ကရီမာရှိ အီလိုက်တော်ကွာရ်တိုတက်စ်စို ကျောင်း၌ စတင်ခဲ့ရသည်။ သူသည် အတန်းတိုင်းတွင် ပထမရသူဖြစ်သည်။ ၁၉၂၂ ခုနှစ်တွင်၊ မီလန်ရှိပီးမေရဟန်းဖြစ်သင်ကျောင်းသို့ ဝင်ရောက်ခဲ့၍၊သီဩလော်ဂျီဘာသာရပ်ကိုဆက်လက်၍သင်ကြားခဲ့ရသည်။ သူသည် စာရေးကောင်း၍၊ ကဗျာစာပေ ဂါသနာရှင်ဖြစ်ရာ၊ ဘာသာရေးစာပေများ ရေးသားရန် တိုက်တွန်းအားပေးခံခဲ့ရလေသည်။ ပီးမေ မဂ္ဂဇင်းတွင်လည်း သူ၏ကဗျာ၊ ဆောင်းပါးများကို ပုံနှိပ်ဖော်ပြခဲ့လေသည်။ သူသည် သာသနာပြု အသင်းအဖွဲ့များအတွက် သာသနာပြုဇာတ်လမ်းများကိုလည်းရေးသားခဲ့သည်။ စာအုပ်အားလုံးမှာ အောင်မြင်ကျော်ကြား၍ ထပ်တလဲလဲ ထပ်မံပုံနှိပ် ထုတ်ဝေခဲ့ရလေသည်။ ၁၉၂၄-ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်နေ့တွင်၊ရဟန်းသိက္ခာခံယူခဲ့သည် သာသနာပြု လက်တွေ့ လုပ်ငန်းခွင်ထဲသို့ ချက်ချင်း သွားရောက်ခွင့်ရရှိမည်ဟု မျှော်လင့်ထားသော်လည်း သူ၏အကြီးအကဲများက သူ့ကို စိန့်ပီလားရီယို ရဟန်းဖြစ်သင်ကျောင်းမှကျောင်းသားငယ်များအား၊တစ်နှစ်ကြပ်မတ်ပေးရန် တာဝန်ပေးအပ်ခဲ့သည်။ ၁၉၂၅-ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့တွင်၊ အိန္ဒိယနှင့် အခြားအာရှနိုင်ငံများသို့ သာသနာပြုသွားမည့် သာသနာပြုအပေါင်းအဖော်များနှင့်အတူ၊ သာသနာပြု လက်ဂါးကပ်တိုင်ကို၊ လက်ခံရရှိခဲ့သည်။ သူ၏ မိဘညီအစ်ကိုမောင်နှမများအား နှုတ်ဆက်ခွဲခွာရခြင်းသည် သူတို့အားလုံး၏ ခံနိုင်ရည်ကို စမ်းသပ်ခြင်းလည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အလွန် ချစ်ခင်ကြင်နာတတ်သော မိသားစုကြီးတွင် ဤခွဲခွာခြင်း၌ အားလုံး၏ နှလုံးသားများကို နာကျင်စေခဲ့လေသည်။ သူတော်မြတ် ဘုန်းတော်ကြီး အာလ်ဖရေးဒို ခရေမိုနေးဆီသည် အသက်(၂၃)နှစ်မျှသာရှိသူ၊ ငယ်ရွယ်သည့် သာသနာပြုတစ်ဦးဖြစ်ပါသည်။ များစွာသော ဒေသနှင့်၊ နေရာဌါနေများကို ဖြတ်ကျော်လာပြီးနောက် မြန်မာပြည်ဆောင်းရာသီအစဖြစ်သည့်(၁၉၂၅) ခုနှစ်၊နိုဝင်ဘာလ (၁၀) ရက်နေ့တွင် တောင်ငူသို့ ရောက်ရှိလာခဲ့သည်။ သူ၏ ပထမဦးဆုံးအလုပ်သည် သူနှင့်အကျွမ်းမဝင်သော မြန်မာပြည်၏ရုံးသုံး ဘာသာစကား နှစ်မျိုးဖြစ်သည့်၊ အင်္ဂလိပ်စာ နှင့် မြန်မာစာကို သင်ယူခြင်းဖြစ်ပါသည်။ မြန်မာစကား၏ အသံထွက်နှင့် ထူးခြားသော အရေ့တိုင်း၏ ဂါကျဖွဲ့စည်းမှုများက သူ့ကို ပို၍ အခက်အခဲ တွေ့စေသည်။ ခရစ္စမတ်ပွဲမတိုင်ခင်အချိန်၌ပင်၊သူသည်တောင်ငူမှ ရထားဖြင့် တစ်နာရီ ခရီးကွာဝေးသည့် ရေတာရှည်မြို့မှ ကက်သလစ်ဘာသာဝင်များရှိရာသို့ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့သည်။ ဘာသာဝင်များသည် ကရင်လူမျိုးဖြစ်ကြပြီး၊ မြန်မာပြည်မြေပြန့်ပိုင်းသို့ လာရောက်အခြေချကာ စပါးစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ပါသည်။ ဒေသခံစကားကို တစ်လုံးတစ်ပါဒမျှ မကျွမ်းသေးသည့်အလျှောက် သူ့အနေဖြင့်အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ၊ လက်တင်းလို မဿားဟောကြားပေးခဲ့ခြင်းသာလျှင် ဖြစ်ပါသည်။ ဘုရားကျောင်းများနှင့် စာသင်ကျောင်းများ ဆောက်လုပ်ရန်ရှိပါက ဆောက်လုပ်ရေးပစ္စည်းများ ဝယ်ယူနိုင်ရန် ပိုမိုလှုပ်ရှားဆောင်ရွက်ရပြီး၊ သက်ဆိုင်ရာနေရာ၊တောင်ပေါ်လျှိုမြောင်၊တောင်ကြားများသို့အရောက်၊ မြင်းဝန်တင် လားဝန်တင်များဖြင့် စီစဉ်ပေးပို့ရ၏။ ကက်သလစ် စာကြည့်တိုက်တစ်ခုကိုလည်း စတင်ပျိုးထောင်ပေးသဖြင့်၊ တောင်ငူမှ ကက်သလစ် ဘာသာဝင်များအနေဖြင့် စာအုပ်စာပေကောင်းများနှင့် ထိတွေ့ခွင့်ရရှိခဲ့ကြရပါသည်။

သူတော်မြတ် ဘုန်းတော်ကြီး အာလ်ဖရေးဒိုခရေမိုနေးဆီအနေဖြင့်၊ တောင်ပေါ်ကရင်များရှိရာသို့ သွားရောက်၍ သာသနာပြုနိုင်ရန် အထူးစိတ်အားထက်သန်လျက်ရှိသည်ကိုတွေ့ရသော ဆရာတော် ဆာဂရားဒါသည်၊ ဒေါနော်ကူးရွာ၏ သာသနာပြုအဖွဲ့ ပြန်လည်ရှင်သန်လာစေရန် ရည်ရွယ်ချက်ဖြင့် သူ့ကို စေလွှတ်လိုက်လေသည်။ တောင်ငူမှ ခြေလျှင်ဖြင့် စတင်ခဲ့လေသည်။ တောင်ငူမြို့နှင့် ဒေါနော်ကူးရွာသို့ ဒကာအချို့က အဖော်ပြုလိုက်ပါ ပို့ဆောင်ကြပါသည်။ တောင်များသည် မြင့်မားလှပြီး၊ တောင် ဆိတ်များသာလျှင် ကောင်းကောင်းသွားလာနိုင်သည့် လမ်းကျဉ်းများကိုလည်း ဖြတ်သန်းကြရသည်။ ဤသို့ဖြင့်ကျောင်း

စာမျက်နှာ - ၁၀ သို့



ဘုန်းတော်ကြီး အာရ်ဖရေးဒိုခရေမိုနေးဆီ အသတ်ခံရသော နေရာ

# တောင်ငူဂိုဏ်းအုပ်သာသနာ မှ ရဟန်းသိက္ခာတင်ပွဲ နှင့် မယ်တော်သခင်မပွဲတော်ကြီး။



ဖိတ်ခေါ်ခြင်းနှင့် ဩဝါဒ



ရဟန္တာလစ်တနီ

တောင်ငူဂိုဏ်းအုပ်သာသနာမှ ရဟန်းသိက္ခာတင်ပွဲနှင့် မယ်တော်သခင်မပွဲတော်ကြီးကို (၉. ၂. ၂၀၂၀) တနင်္ဂနွေနေ့ နံနက် ၇း၀၀နာရီတွင် မယ်တော်သခင်မရင်ပြင်စတိတ်စင်၌ တောင်ငူဂိုဏ်းအုပ်ဆရာတော်ကြီး အိုက်ဇက်ဓာနမှ ဒီကင်(၅)ပါးတို့အား ထာဝရရဟန်း သိက္ခာတင်ပေးခဲ့ပါသည်။ ၎င်းရဟန်းသစ်တို့မှာ ၁။ REV.FR. GIOVANNI အောင်ရဲလွင်(လိပ်သိုတိုက်နယ် ၊အလယ်ချောင်းအောက်ရွာ) ၂။REV. FR.ABRAHAMကိုရွှေ(မောင်ဘလောက်တိုက်နယ်၊ အလယ်ချောင်းရွာမ) ၃။ REV. FR.PETERဂျော့ချ်(မောင်ဘလော့တိုက်နယ်၊ မောင်ကျော်အောက်ကျေးရွာ) ၄။REV.FR. ယောဟန် အယ်ကွဲ (လေလော်ဒေးကျေးရွာ ၊မိုင်းလွန်တိုက်နယ်)နှင့် ၅။ REV.FR. LUDOVICO သန်းမောင်( ထီးသာစောတိုက်နယ်၊ခမာဒီဖိုလီကျေးရွာ )တို့ဖြစ်ကြပါသည်။

ရဟန်းသိက္ခာတင်ပွဲနှင့် မယ်တော်သခင်မပွဲတော် မစ္ဆားတရားတွင် ဆရာ



နာခံခြင်း ကတိသစ္စာ



လက်တင်ခြင်း

တော်ကြီး အိုက်ဇက်ဓာနမှ မယ်တော်သခင်မနှင့် ခရစ်တော် ကိုယ်စားလှယ် ရဟန်းများ မည်ကဲ့သို့ ဆွေမျိုးတော်စပ်ပုံအကြောင်း ဩဝါဒ၌ မိန့်ကြားခဲ့ပါသည်။ မယ်တော်သခင်မသည် သခင်ခရစ်တော်ရဲ့ မိခင်၊ သခင်ခရစ်တော်ကို ဖွားမြင်ပေးတဲ့ မယ်တော်ဖြစ်ပြီး ရဟန်းများဟာ ALTER CHRISTUS သခင်ခရစ်တော်ရဲ့ ကိုယ်ပွားများအခြားသော ခရစ်တော်များ ဖြစ်ကြောင်း ရဟန်းသိက္ခာကို ခံယူထားကြတဲ့ ရဟန်းများဟာလည်း မယ်တော်ရဲ့ သားလေးများတွေ ဖြစ်ကြောင်း၊သခင်ခရစ်တော်သည်လောကကိုကယ်တင်ဖို့ မယ်တော်မှ ဖွားမြင်လာပြီး ရဟန်းများဟာလည်းလောကကို ကယ်တင်ဖို့ မိမိကိုယ်ကို ဆပ်ကပ်ခြင်းဖြင့် မယ်တော်သခင်မရဲ့ သားများဖြစ်ကြောင်း၊ မယ်တော်သခင်မမှ ဖွားမြင်စေသော သူများပင်ဖြစ်တော်မြတ်စက္ကရမင်းတူးများ၌ ရဟန်းများသည် မစ္ဆားတင်ပူဇော်ခြင်းအားဖြင့် သခင်ခရစ်တော်အား ဘုရားစင်ပလ္လင်တော်ပေါ်၌ ဖွားမြင်လာသည်ကို တွေ့ရကြောင်း၊ မယ်တော်သခင်မသည် ဖျားနာနေသောသူများ မကျန်းမာသူများ၊ရောဂါဝေဒနာခံစားနေရသူများအား ကယ်ဆယ်ပေးသည်ကို ကျွန်ုပ်တို့ အသိပင်ဖြစ်ကြောင်း ရဟန်းများသည်လည်း ပရိတ်တော်ဆီ လူးမှတ်ခြင်း စက္ကရမင်းတူးအားဖြင့် ယုံကြည်သူများတို့အား ကုသပေးကြောင်း၊ အထူးသဖြင့် ဝိညာဉ်၏ဝေဒနာ၊ မကောင်းဒုစရိုက်များမှ ကင်းရှင်းသွားစေရန်၊ပြန်လည်၍ဘုရားသခင်၏ကျေးဇူးဖြင့်ပြည့်စုံနေသည့် ဘုရားသခင်၏သားသမီးများ ဖြစ်လာစေကြောင်း၊ ပြန်လည်ကျန်းမာလာစေကြောင်း စက္ကရမင်းတူးများကျင်းပခြင်းအားဖြင့် ရဟန်းများသည် မယ်တော်ကဲ့သို့ဖြစ်နေကြောင်း၊ မယ်တော်၏ လုပ်ငန်းကဲ့သို့လုပ်ဆောင်သည်ကို ကျွန်ုပ်တို့တွေ့ရကြောင်း၊ ထို့ကြောင့် ရဟန်းများ



သိက္ခာတင်ခြင်း မင်္ဂလာစကား

ကြောင်း၊ ထို့ကြောင့် ဤတော်စပ်မှုသည် ဝေးလှသော တော်စပ်မှု မဟုတ်ဘဲ၊ အင်မတန်မှ နီးစပ်လှတဲ့ တော်စပ်မှုဖြစ်ကြောင်း၊ ရဟန်းများဘက်မှကြည့်သောအခါ၌လည်း မိတူဖတူဖြစ်သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ရဟန်းများသည်လည်း မယ်တော်သခင်မကဲ့သို့ ဖြစ်ကြောင်း၊ မိမိတို့ရဲ့သိက္ခာအားဖြင့်၊ စက္ကရမင်းတူးများအားဖြင့် ဘုရားသခင်၏သားများ သမီးများအား ဖွားမြင်ပေးသော ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ရဟန်းများက ဆေးကြောခြင်းမင်္ဂလာကို ပေးလာသော အချိန်တွင် ဆေးကြောခြင်း မင်္ဂလာခံယူသောသူများသည် ဘုရားသခင်၏ သားသမီး ဖြစ်လာကြောင်း၊ သခင်ခရစ်တော်၏ ညီအစ်ကိုမောင်နှမများလည်းဖြစ်လာကြကြောင်း၊မယ်တော်ကဲ့သို့ပင် ဘုရားသခင်၏ သားသမီးများကို စက္ကရမင်းတူးများအားဖြင့် ရဟန်းများသည် ဖွားမြင်ပေးကြောင်း၊ရဟန်းများသည် စက္ကရမင်းတူးများကိုကျင်းပတိုင်း မယ်တော်၏ လုပ်ဆောင်မှုများကို ပြန်လည်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း၊ ကိုယ်



ဝတ်ရုံသင်္ကန်း ဆင်မြန်းပေးခြင်း

သည် မယ်တော်သခင်မ၏ ချစ်သား အနီးကပ်ဆုံးရှိနေသော ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ သခင်ခရစ်တော် လုပ်ဆောင်သော သာသနာ့ လုပ်ငန်းအားလုံးကို ရဟန်းများက ဆက်၍ လုပ်ဆောင်ကြရကြောင်း၊ ဤအတွက်ပင် အမိမယ်တော်မှလည်း ရဟန်းများအားမွေးဖွားပေးနေကြောင်းဝေမျှဟောကြားခဲ့ပါသည်။

၎င်းအခမ်းအနားတွင် ဆရာတော်ကြီး အိုက်ဇက်ဓာနနှင့်အတူ အီတလီနိုင်ငံ ခရေးမာ (CREMA)သာသနာမှ ဆရာတော်ကြီး DANIELEM GIONOTTI နှင့် ရဟန်း



မင်္ဂလာဆီဖြင့် လိမ်းကျံခြင်း

တော် (၇၈)ပါးတို့မှ မစ္ဆားတရားတော်မြတ်ကို အတူတကွပါဝင် တင်ပူဇော်ပေးခဲ့ကြပါသည်။ လိပ်သို ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြု ကလေးသူငယ်များ ပုံပုလွေအဖွဲ့ ၊ ရွှေတန်ဆောင်းတိုက်နယ်ဘင်ခရာအဖွဲ့၊ ခမာဒီဖိုလီရိုးရာ ပုံပုလွေအဖွဲ့၊ အလယ်ချောင်းကင်းလိုက် ဝါးခရာအဖွဲ့နှင့် အခြားသော ရိုးရာပုံပုလွေအဖွဲ့တို့မှ ကြွရောက်အားပေး တီးမှုတ် ဂုဏ်ပြုပေးကြပါသည်။ ပွဲတော်၌ ပါဝင် အားပေး ချီးမြှင့် ဝတ်ပြုလာကြသော ရဟန်းတော်များ၊ သီလရှင်များ၊ ကိုရင်များ ရပ်ဝေးရပ်နီးမှ ရဟန်းသစ်ဆွေမျိုးများ၊အလှူရှင်များနှင့် ဘုရားဖူးလာသူများ (၂၀၀၀၀) ကျော်ရှိပါသည်။

ဒက်ဖူးမယ် (I.S.R)/
OSC MYANMAR (CBCM)



ပူဇော်သက္ကာရများကို ပူဇော်ရန် အခွင့်အာဏာအပ်နှင်းခြင်း

**" သင်တို့သည် ငါ့ကို ရွေးကောက်ခဲ့ကြသည်မဟုတ်၊ ငါသည် သင်တို့ကို ရွေးကောက်ခဲ့ခြင်းဖြစ်၏။ "**
**ရှင်ယောဟန် ၁၅း၁၆**

# စိန့်ဖရန့်စစ်ဖေးဗီးယား သီလရှင်များ၏ ကတိသစ္စာခံယူခြင်း


ရာသက်ပန်ကတိသစ္စာပြုကြသော သီလရှင်(၁၃)ပါး


ပထမ ကတိသစ္စာပြု ကြသော သီလရှင်(၉)ပါး

ဖေဖော်ဝါရီလ (၁) ရက်နေ့က စိန့်ဖရန့်စစ် ဖေးဗီးယား သီလရှင်(၁၃)ပါး၏ ရာသက်ပန်ကတိသစ္စာပြုခြင်းနှင့် သီလရှင် (၉)ပါး၏ ပထမကတိသစ္စာပြုခြင်းကို ပုသိမ်မြို့ စိန့်ပီတာ ကာသီဒြယ်ဘုရားကျောင်း၌ သာသနာပိုင်ဆရာတော်ဂျွန်မန်းဆိန်းဟိုက်၏ ရှေ့မှောက်၌ပြုလုပ်ခဲ့ကြပါသည်။ ရာသက်ပန် ကတိသစ္စာပြုကြသော သီလရှင်များမှာ ပုသိမ်သာသနာမှ(၆)ပါး၊ ရန်ကုန်သာသနာမှ(၄)ပါး၊ ဟားခါးသာသနာမှ(၁)ပါး၊ ပြည်သာသနာမှ(၁)ပါးနှင့် မန္တလေးသာသနာမှ(၁)ပါးဖြစ်ကြပါသည်။ ပထမ ကတိသစ္စာပြုကြသောသီလရှင်(၉)ပါးအနက် တစ်ပါးမှာ ဖိလစ်ပိုင်နိုင်ငံမှ ဖြစ်ပါသည်။ မစ္ဆားတရားတော်မြတ်ကို ဆရာတော်မန်းဆိန်းဟိုက်မှ ဦးဆောင်ကာ ဆရာတော် အလက်ဇန္ဒားပြုံးချို နှင့် ဆရာတော်ဂျွန်စောယောဟန်တို့နှင့် အတူ နံနက်(၆)နာရီတွင် စတင်ခဲ့ပြီး ကတိသစ္စာပြုသူများနှင့် ဘာသာသူတို့အား ဩဝါဒ မြွက်ကြားခဲ့ပါသည်။ ဩဝါဒ၌ ဆရာတော်မန်းဆိန်းဟိုက်မှ သင်တို့သည် ကမ္ဘာအရပ်ရပ်သို့သွား၍ ဧဝံဂေလိ သတင်းကောင်းကို လူမျိုးတစ်ကာတို့အား ဟောကြား ကြလော့။ဘုရားသခင်ရဲ့ ခေါ်တော်မူခြင်း အမျိုးမျိုးအကြောင်းကို BISHOP JOHN HSANE HGYI ဩဝါဒပေး မြွက်ကြားသွားပါသည်။လူအယောက်စီ အယောက်စီတိုင်းကိုဘုရားသခင်က သူ့အစီစဉ်နဲ့သူ၊ သူ့ကဏ္ဍနှင့်သူ ခေါ်ထားလျက်ရှိကြောင်း၊ မိဘတွေဟာ မိဘတို့ ခေါ်တော်မူခြင်းအလိုက်၊ ကျောင်းဆရာ/မတွေဟာလည်းပဲ ကျောင်းဆရာ/မ ခေါ်တော်မူခြင်းအလိုက် အားလုံးသောသူတွေဟာ ခေါ်တော်မူခြင်းခံကြရတဲ့သူတွေဖြစ်ကြောင်း၊လုပ်ငန်းဆောင်တာအားဖြင့် မတူညီကြသော်လည်းပဲ မိမိရရှိပိုင်ဆိုင်ထားသော ဘဝဟာ ဘုရားသခင်ရှင်သန်စေသော ဘဝတစ်ခုဖြစ်တယ်ဆိုတဲ့အ ကြောင်း၊ဘုရားပေးတဲ့တာဝန်၊ ဘုရားပေးတဲ့ ခေါ်တော်မူခြင်းအတိုင်း ရှင်သန်ရမယ့်အသက်တာကို ကြိုးစားပြီး ပီပီပြင်ပြင်ကလေး လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိရဲ့ ခေါ်တော်မူခြင်းအတိုင်း ဘဝကို ရှင်သန်တဲ့နေရာမှာ ခေါ်တော်မူခြင်းနဲ့ ဆက်နွယ်ကိုက်ညီတဲ့ လုပ်ကိုင်ရမယ့်အရာတွေအားလုံးကို ကျွန်ုပ်တို့သိရှိပြီးသား ဖြစ်ကြောင်း၊ အဲ့ဒီလုပ်ကိုင်ရမယ့် အရာတွေအားလုံးကို ဆောင်ရန်ရှောင်ရန်အားလုံးကိုလုပ်ကိုင်ဖို့ ဆိုတာလည်း ဘုရားသခင်အားဖြင့် သူ့ရဲ ကျေးဇူးတော်နဲ့ကျွန်ုပ်တို့ကို လိုက်ပါပြီး ကူညီပေးမယ့်အကြောင်း၊ ဘုရားခေါ်ထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အဓိက ကျင့်ဆောက်တည်ရမယ့် ဆင်းရဲခြင်း၊ နာခံခြင်း၊ ဖြူစင်ခြင်း၊ အဖွဲ့ အစည်းနဲ့နေခြင်း ဒီ(၄)ခုကို ပီပီပြင်ပြင်ကလေးနဲ့ မိမိရဲ့ခေါ်တော်မူခြင်းအတိုင်းကို ရှင်သန်သွားဖို့သည်သာလျှင် အရေးကြီးကြောင်း၊ကျမ်းစာတစ်နေရာမှာ သခင်ခရစ်တော်က သူ့ရဲ့ တပည့်တော်ကြီးများကိုရွေးချယ်တဲ့နေရာမှာ ကျမ်းစာဟာ ဘယ်လိုရေးထားသလဲဆိုတော့ မိမိကြိုက်နှစ်သက်သောသူများကို တပည့်တော်အဖြစ်ရွေးချယ်ပြီးတဲ့နောက် သာသနာ လယ်ကွင်းတွေကို လွှတ်ကြောင်း၊ ကိုယ်တော်ရှင်ရွေးချယ်ထားတဲ့ အရွေးခံ ပုဂ္ဂိုလ်များအားလုံးက ကိုယ်ဖြစ်ချင်လို့ ဖြစ်လာတာမဟုတ်ဘဲနဲ့ ဘုရားသခင်ရဲ့ယုံကြည်အားကိုးစွာဖြင့် သူ့ရဲ့သာသနာလုပ်ငန်းတော်ကို ဆက်လက်ပြီး လုပ်ဆောင်သွားဖို့ အတွက် ဘုရားသခင်က ယုံယုံကြည်ကြည်နဲ့ ကျွန်ုပ်တို့ကိုသူငယ်ချင်းအဖြစ်၊ အဖော်မွန်အဖြစ် ရွေးချယ်ထားကြောင်း၊ဒီအတွက်ကြောင့် ကျွန်တော်တို့ တစ်တွေဟာ အဆုံးတိုင်အောင် သခင်ခရစ်တော်သည် တည်ကြည်သကဲ့သို့ မိမိတို့ ရဲ့ ခေါ်တော်မူခြင်း၌လည်း အဆုံးတိုင်အောင်တည်ကြည်သွားဖို့သည်သာအရေးကြီးကြောင်း၊ ကတိသစ္စာ တည်လေလေ ကတိသစ္စာကို ထက်ထက်မြက်မြက် ဆောင်ရွက်လေလေ မိမိရဲ့တန်ဖိုး၊ စွမ်းရည်စွမ်းအား ပို၍ထက်မြက်မှု ရှိကြောင်း၊ ကျွန်တော်တို့ ဟာဆေးကြောခြင်း မင်္ဂလာကို ခံယူပြီးတဲ့အချိန်ကနေစပြီး ဘုရားသခင်သည် ကျွန်ုပ်တို့ နဲ့ အတူရှိသည်ဖြစ်သည့်အတွက်ကြောင့်ကျွန်ုပ်တို့သန့်ရှင်းလေလေ၊ ကိုယ့်ရဲ့ ခေါ်တော်မူခြင်းနဲ့ ကိုက်ညီသော အသက်တာကို ပီပြင်စွာ ရှင်သန်လေလေ မိမိမှာဩဇာအာဏာ အစွမ်းအစတွေ ပို၍ရှိလာလေလေဖြစ်ကြောင်း၊ သခင်ခရစ်တော်ကသူ့ ရဲ့ တပည့်တော်များတွေကို သာသနာ လယ်ကွင်းထဲကို မလွှတ်ခင်မှာ FORMATIONပေးနင့် ပုံသွင်းပြုပြင်မှုတွေပေးကြောင်း၊ သခင်ယေရှုးပေးတဲ့ ပြုပြင်ပြောင်းလဲခြင်း (၃)ချက်မှာ- ကိုယ်တော်ရှင်နှင့် အတူရှိဖို့၊ ကိုယ်တော်ရှင်ထံမှ သင်ယူဖို့၊ ကိုယ်တော်ရှင်၏ နှုတ်ကပါဌ်တော်ကို နာယူဖို့ ဖြစ်သည်။ အားလုံးသော လူတွေ ကျွန်တော်တို့ အားလုံးရဟန္တာများ အနေအထားတစ်ခုဖြစ်လာအောင် လုပ်ရမည်ဖြစ်ကြောင်း၊ ဘုရားသခင်သည် နေရာတိုင်းမှာရှိတယ်ဆိုတဲ့ ကျင့်စဉ်ကလေး၊ အလေ့အထကလေး လေ့ကျင့်ရန်၊ သံတာထရေးဇား ကဲ့သို့ သေးငယ်သော ကောင်းမှု ကုသိုလ်ကို နေ့တိုင်း သတိရှိအာရုံစိုက်စွာဖြင့် သေးငယ်သော ကောင်းမှုကုသိုလ်ကို လုပ်ရန်၊ သခင် ယေရှုးရဲ့ နာမတော်ကို အ မြဲတမ်းခေါ်တရန်၊ အမြဲတမ်းပြုံးရန်၊ ဘာသာတူတွေရော သူတော်စင်တွေရော တစ်ယောက်နဲ့ တစ်ယောက်အားပေးရန်နှင့်၊ ဘာသာတူတွေနဲ့ သူတော်စင်တွေက တစ်ယောက်နဲ့ တစ်ယောက် အားပေးလက်တွဲပြီးတဲ့နောက် လောကကြီးကို အလင်းပြရမည်၊ တစ်ယောက်ကိုတစ်ယောက်အားပေးရမည်ဖြစ်ကြောင်း၊ အားပေးတဲ့အခါ စိတ်ပိုင်းဆိုင်ရာကူညီမှု၊ ဝိညာဉ်ပိုင်းဆိုင်ရာကူညီမှု၊ ရုပ်





ပိုင်းဆိုင်ရာကူညီမှု ဒီအရာ အားလုံးကို တစ် ယောက်နဲ့ တစ်ယောက်ကူညီကြဖို့ရန်နှင့် ဤအချက်အားလုံးကို စဉ်းစား ကျင့်ဆောက် တည်ကြပါလို့ အားလုံးကို ကျွန်တော့်ကို ကျွန်တော်သတိပေးသလို အားလုံးလည်းပဲ သတိရကြပါစေဟု ဝေမျှ ဩဝါဒပေးခဲ့ပါ သည်။

စာမျက်နှာ - ၂၁ သို့

# ၂၀၂၀ ဝါတွင်းကာလ – ပြက္ခဒိန်
## မြိုးမြဲ့ခြင်းနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| လုပ်ဆောင်ပြီးတိုင်း အမှတ်ခြစ်ပါ။ | | | FEB 26 နေ့စဉ်အစား အစာဝဝမစား နိုင်သူများ အတွက်ဝါရှောင်ရန် | FEB 27 ဝါတွင်းအချိန် 'Laudato Si' စာစောင်အပြီး ဖတ်ရှုရန်။ | FEB 28 သောကြာနေ့ တိုင်း ဟင်းသီး ဟင်းရွက်သာ သုံးဆောင်ရန်။ | FEB 29 အိမ်ခြံ၌ ဟင်းသီးဟင်းရွက် အပင်များ စိုက်ပျိုးရန်။ |
| MAR 01 နေထွက်(ဝါ) နေဝင်အချိန် အာရုံစိုက် – ရှုမောရန်။ | MAR 02 ဝါတွင်းအချိန် မီးသီးတစ်လုံး လျှော့သုံးရန်။ | MAR 03 အမှိုက်ကို ပုံးထဲထည့်ရန်၊ လမ်းလျှောက်ရင်း အမှိုက်တွေ့ရှိက၊ ကောက်ထည့်ရန်။ | MAR 04 ပြည်တွင်းဖြစ် အစားအစာကို သာသုံးဆောင်ရန် | MAR 05 ကွမ်းသွေး ထွေးသူ တွေ့မြင်က၊ သတိပေးရန်။ | MAR 06 ခုနှစ်ပဲသရေစာ၊ တိုလီမိုလီ စားသုံးခြင်းမှ ရှောင်ရန်။ | MAR 07 ဥယျာဉ်သို့ လမ်းလျှောက် သွား၍ ပန်းပင် သစ်ပင်များကို အာရုံပြုရန်။ |
| MAR 08 အိမ်အပြင်၌၊ ငှက်ကလေး၊ စာကလေးများရေ သောက်ဖို့ ရေခွက် တစ်ခွက်ထားရန် | MAR 09 အသက်နှင့် အသက်ကို ကျွေးမွေးသော ကြောင့်အမျိုးသမီး အတွက်ဘုရား ကို ချီးမွမ်းရန်။ | MAR 10 ဒီနေ့ အရက်၊ ကွမ်းယာ၊ ဆေးလိပ်၊ ကော်ဖီ ရှောင်ရန်။ | MAR 11 ခရီးတိုတစ်ခုကို ကားစီးမည့်အစား လမ်းလျှောက်ရန်။ | MAR 12 မိမိကိုစောင့် ရှောက်သူများ အပေါ် ကြင်နာ မေတ္တာပြရန်။ | MAR 13 ပတ်ဝန်းကျင် ထိန်းသိမ်းရေး စာအုပ်၊ စာစောင် သတင်း၊ တစ်ခုခုကို ဖတ်ရန်။ | MAR 14 Coke, Sprite, အချိုရေအအေး ဘူး စသဖြင့် သုံးဆောင်ခြင်းမှ ရှောင်ရန်။ |
| MAR 15 ခွန်အားလိုအပ် နေသူတစ်ဦးဦး ထံအလည် အပတ် သွား၍ အားပေးရန်။ | MAR 16 ဆာလံ–၁၄၈ ကို ဆုတောင်း ရန်။ | MAR 17 လမ်းဘေး ဆင်းရဲသူတစ်ဦး ဦးအား၊ စေတနာ နဲ့လှူဒါန်းရန်။ | MAR 18 အစားအသောက် များကို ဖြုန်းတီး မှုမပြုရန်။ | MAR 19 သစ်ပင်များကို ရေလောင်း၍ ကျေးဇူးတင်ရန်။ | MAR 20 နေ၊ လ၊ကြယ် များကို ကြည့်၍ ဘုရားကိုချီးမွမ်း ရင်း၊ ရင်တွင်းဖြစ် ဆုတောင်းရန်။ | MAR 21 တစ်ညတာ ဖုန်း၊ Viber, Face book ကို လုံးဝ ပိတ်ထားရန်။ |

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| MAR 22 စိတ်ပုတီး တစ်ကုံးကို သဘာဝဘေးရောက် သူများအတွက် ပူဇော်ရန်။ | MAR 23 သောက်ရေကို ဖြုန်းတီးခြင်းမှ ရှောင်ရှားရန်။ | MAR 24 မလိုအပ်သော အဝတ်အစား များကို တစ်ပါး သူနှင့်မျှဝေရန်။ | APR 25 ကိုယ့်ဘေးမှာ ရှိနေသော ပျား၊ လိပ်ပြာ၊ ပိုးမွှား များကို အချိန်ယူ သတိမူမိရန်။ | MAR 26 သဘာဝထိန်းသိမ်း အထူးအားပေး သောကျွန်ုပ်တို့၏ ရဟန်းမင်းကြီး ဖရန်စစ် သူတော်မြတ် အတွက် အထူးဆုတောင်းပေးရန်။ | MAR 27 လယ်သမားများ အတွက် ဘုရားကို ကျေးဇူးတင် ဆပ်ရန်။ | MAR 28 တပါးသူ အကြောင်း အတင်းအဖျင်း ပြောချင်းမှ ရှောင်ရှားရန်။ |
| MAR 29 အနီးနားက ဆေးရုံ သွား၍ ဖျားနာသူတစ်ဦးဦး ကို အားပေးစကား ပြောရန်။ အကူအညီ ထောက်ပံ့ရန်။ | MAR 30 သစ်ပင်တစ်ပင် စိုက်ပျိုးရန်။ | MAR 31 Corona Virus ကြောင့် သေဆုံးသူများ၊ ဖျားနာသူအတွက် ကိုယ် တော်မြတ် (၁)နာရီ ဖူးမျှော်ရန်။ | APR 01 Brother Sun, Sister Moon ရဟန္တာဖရန်စစ် ရုပ်ရှင်ကားကြည့်ရန်။ | APR 02 ညအချိန် တစ်နာရီအတွက် အမှောင်ချ၍ ဘုရားရှင်အသံကို နားထောင်ရန်။ | APR 03 အိပ်ယာတွင် လဲနေသော မိတ်ဆွေထံသွား ရောက် အားပေး ဆုတောင်းရန်။ | APR 04 ကိုယ်မသိ၊ မမြင်၊ မခင်ဘူး သူ (၃)ဦးကို မိတ်ဆွေဖွဲ့ရန်။ |
| APR 05 အာပတ်ဖြေ၊ မစ္ဆားနာယူ၍ ဝိညာဉ်ရေး အားနည်းသူများ အဖို့ဆုတောင်း ပေးရန်။ | APR 06 အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းရေး ပြုလုပ်ရန်။ | APR 07 အဆင်မပြေ၊ ရန်ငြိုးရှိသူထံ သွားရောက်တွေ့ဆုံ တောင်းပန်ရန်။ | APR 08 စစ်မက်ဖြစ်ပွား နေသော နိုင်ငံ များအတွက် မစ္ဆားတောင်းခံရန်။ | APR 09 တစ်နာရီခန့် ဆိတ်ငြိမ်စွာ ကျမ်းစာဖတ် ကိုယ်တော်မြတ်ဖူးရန်။ | APR 10 ပြည်တွင်း စစ်ရှောင် စခန်း နေရသူများအတွက် ဝါရှောင်မြိုးမြဲ့ရန်။ | APR 11 တိရိစ္ဆာန်များကို ကြင်နာမှု ပြလိုသော ဆန္ဒဖြင့် အသားရှောင်ရန်။ |
| APR 12 EASTER SUNDAY | **အာလေလုယာ၊ အသက်သစ်ကို ပေးသော ကယ်တင်ရှင်၊ သခင်ယေရှုအား ကျေးဇူးတင် ကိုးကွယ်ရန်။** | | | | | |

လုပ်ဆောင်ပြီးတိုင်း အမှတ်ခြစ်ပါ။

မိမိအတွေ့အကြုံများကို ဝေမျှရန် – ဆက်သွယ်ရန်
Email - secygn@gmail.com

# " ဆူနာမီလုဒ်သခင်မပွဲတော်၊ ပင်လယ်သာသနာ "



၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၅ ရက်နေ့ထိ ပုသိမ်ဂိုဏ်းအုပ် သာသနာပိုင် လပွတ္တာမြို့နယ်၊ ပင်လယ် သာသနာ၌ ဆူနာမီ လုဒ်သခင်မပွဲတော်ကို ၄ ရက်တာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လယ်မယ်တော်ပွဲသို့ လာရောက်ကြသော ဧည့်သည်တော်များကို လပွတ္တာမြို့ ဆိပ်ကမ်းတွင် သင်္ဘောကြီးများဖြင့် ပင်လယ်သာသနာ သို့ ပို့ဆောင်ပေးခဲ့ပါသည်။ ထိုညနေ ၇ နာရီတွင် အဖဆရာတော် ဂျွန်မန်းဆိန်းဟိုမှ မယ်တော်အလံအား လွှင့်ထူခဲ့ပြီး မယ်တော်ပွဲ ဖွင့်ပွဲမစ္ဆားကို စတင်ပူဇော်ခဲ့ပါသည်။ ၁၃ ရက်နေ့. မနက် ၆ နာရီ၊ ၈ နာရီ၊ ၁၂ နာရီတွင် မစ္ဆားများကို ပူဇော်ခဲ့ပြီး ညနေ ၃နာရီခွဲတွင် ကိုယ်တော်မြတ်အား စီတန်းလှည့်လည်ခြင်းကို မယ်တော် ရင်ပြင်မှ ပင်လယ်ကမ်းခြေသို့ လှည့်လည်ခြင်းကို ပြုလုပ်ခဲ့ပါသည်။ ညနေ ၆ နာရီတွင် PRAISE AND WORSHIP အစီအစဉ် ကို FR MAURICE ညွှန့်ဝေမှ ဦးဆောင်ကာ ပြုလုပ်ခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ မနက် ၆ နာရီ၊ ၈ နာရီတွင် မယ်တော် မစ္ဆားများကို ပူဇော်ခဲ့ပြီး မွန်းတည့် ၁၂ နာရီတွင် ကျန်းမာခြင်းမစ္ဆားကို အဖဆရာတော်ဂျွန်မန်းဆိန်းဟိုမှ ရဟန်းတော်များနှင့်အတူ ဦးဆောင်ကာ ပူဇော်ခဲ့ပါသည်။ ညနေ ၄ နာရီခွဲတွင် လုဒ်သခင်မဆင်းတုကို ပင်လယ်ကမ်းခြေတွင် စီတန်းလှည့်လည်ခြင်းပြုလုပ်ကြပြီး ပင်လယ်ကမ်းခြေတွင် မယ်တော်ပွဲမစ္ဆားကို FR. MAURICE ညွှန့်ဝေမှ ဦးဆောင်ကာ ပူဇော်ခဲ့ပါသည်။ ညနေ ၉ နာရီတွင် ကျေးဇူးတင်မစ္ဆားကို FR. BRUNO MYINT OOမှ ဦးဆောင်ကာ ပူဇော်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်နေ့ နံနက် ၆ နာရီတွင် မယ်တော်ပွဲအပိတ် မစ္ဆားကို အဖဆရာတော် ဂျွန်မန်းဆိန်းဟိုမှ ဦးဆောင်ကာ ပူဇော်ခဲ့ပြီး မယ်တော်အလံအား ရုပ်သိမ်းခဲ့ပါသည်။ နံနက် ၈ နာရီခွဲတွင် ပင်လယ်သာသနာ မယ်တော်ပွဲသို့ လာရောက်ကြသော ဧည့်သည်တော်များ လပွတ္တာမြို့သို့ သင်္ဘောကြီးများဖြင့် အသီးသီး ပြန်လည်ထွက်ခွာကြပါသည်။ ၂၀၂၀ ခုနှစ် ပင်လယ်သာသနာ ဆူနာမီလုဒ်သခင်မပွဲတော်တွင် လာရောက်ကြသော ရပ်နီးရပ်ဝေးမှ ဘာသာတူများ ၄ထောင် ကျော်ရှိကြောင်း သတင်း ရရှိပါသည်။

OSC PATHEIN










# "လုဒ်မယ်တော်ပွဲကျင်းပခြင်း၊ မေရီလန်းသာသနာ "

ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင် မေရီလန်းသာသနာ၌ နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လုဒ်မယ်တော်သခင်မပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ဤပွဲတွင် ပြည်ဂိုဏ်းအုပ်သာသနာမှ ဆရာတော် ပြုံးချိုလည်း ကြွရောက်ချီးမြှင့်ခဲ့ပါသည်။ မယ်တော်ပွဲ အစနေ့တွင် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ရွှေနလုံးတော် ဘုရားကျောင်း၌ ကျန်းမာခြင်းမစ္ဆားကို ဆရာတော်ပြုံးချိုမှ ဦးဆောင်ကာ ပူဇော်ခဲ့ပါသည်။ ညနေ ၅ နာရီတွင် မယ်တော်အား စီတန်းလှည့်လည်ခြင်းကို ပြုလုပ်ကာ ညပိုင်းအစီအစဉ်ဖြင့် ပိုးကရင်၊ စကောကရင်၊ တာမီး၊ မြန်မာဘာသာဖြင့် မစ္ဆားအသီးသီး ပူဇော်ကြပါသည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နံနက် ၇ နာရီ ခွဲတွင် မယ်တော်ပွဲ မစ္ဆားကို အဖဆရာတော် ဂျွန်မန်းဆိန်းဟိုမှ ရဟန်းတော်ပေါင်း ၅၀ နှင့်အတူ ဦးဆောင်ကာ ပူဇော်ခဲ့ပါသည်။ မေရီလန်း လုဒ်မယ်တော်ပွဲသို့ လာရောက်ကြသော ဘာသာတူများ ၃ ထောင်ကျော်ရှိကြောင်းသတင်းရရှိပါသည်။

OSC PATHEIN















(၈)ကြိမ်မြောက် လုဒ်မယ်တော်သခင်မပွဲ စီတန်းလှည့်လည်ခြင်း တွတ္တမူကျေးရွာ၊ ဘိုးကံပေးသာသနာ(ရန်ကုန်) (၂၄.၂.၂၀၂၀)





# ကလေး သာသနာ နှင့် ဟားခါးသာသနာတို့၏ နှစ်ပတ်လည် ဂုဏ်တော်ဆောင့်ပွဲ




ဟားခါး သာသနာမှ ကလေး သာသနာသို့ သာသနာတိုးချဲ့ခြင်း အနှစ် (၁၀) နှစ်ပြည့် အထိမ်းအမှတ်အနေနှင့် ယခု နှစ် (၂၀၂၀) ခုနှစ်တွင် "PROGRAMS FOR PRIESTLY ONGOING FORMATION, ANNUAL RETREAT & JOINT PASTORAL ORIENTATION OF KALAY & HAKHA DIOCESES" ဆိုသည့် ခေါင်းစဉ်ဖြင့် ကလေး သာသနာ နှင့် ဟားခါးသာသနာရှိ ဘုန်းတော်ကြီးများသည် ဇန်နဝါရီလ (၃၁) မှ ဖေဖော်ဝါရီလ (၆) ရက်နေ့အထိ သင်တန်း၊ ဂုဏ်တော်ဆောင့်ပွဲနှင့် သာသနာပြုလုပ်ငန်း ဆွေးနွေးပွဲကို ကလေး သာသနာပိုင် ဆရာတော်ကြီး ဖဲလစ် လျန်ခင်းထန်၏ လမ်းညွှန်မှုဖြင့် အတူတကွ လုပ်ဆောင်ခဲ့ကြသည်။ အဆိုပါ သင်တန်းနှင့် ဂုဏ်တော်ဆောင့်ပွဲများကို အိန္ဒိယ နိုင်ငံ မှ ကြွရောက်လာသည့် ARCHBISHOP THOMAS MENAMPARAMPIL-SDB (ARCHBISHOP EMERITUS OF GUWAHATI, INDIA) မှ ဦးဆောင်ပြီး ဂုဏ်တော်ဆောင့်ပွဲနှင့် သင်တန်းများ ပို့ချရာတွင် ဘုန်းတော်ကြီး များကို သတိပေးသည့်အနေနှင့် "လူဆိုးက အဆိုး လုပ်တာဟာ အံ့ဩစရာ မဟုတ်ပေမဲ့ လူတော် လူကောင်းသည်က အဆိုးလုပ်တာဟာ မြင်သူကြားသူများအတွက် အံ့ဩစရာ သတင်းဖြစ်တဲ့အတွက် ဘုန်းတော်ကြီးများ အဆိုးမလုပ်မိကြပါနှင့်" ဆိုပြီး သတိပေးခဲ့ရာ ဘုန်းတော်ကြီးများ အနေနှင့်လည်း သူ၏ ဟောပြော ပို့ချချက်များအပေါ် အားရ ကျေနပ်မှုများ ရရှိကြပါသည်။ သင်တန်း၊ ဂုဏ်တော်ဆောင့်ပွဲနှင့် ဆွေးနွေးပွဲများ အပြီးတွင်ကလေးမြို့အနီးရှိဆင်စခန်းနှင့် အိန္ဒိယ နှင့် မြန်မာနိုင်ငံနယ်စပ် (MOREH) သို့ ဘုန်းတော်ကြီးများ အဖွဲ့လိုက် လေ့လာရေး ခရီး သွားခဲ့ကြ သည်။ နှစ်စဉ် ကျင်းပသည့် (၁၇)ကြိမ်မြောက် မိုင်နွဲ ငြိမ်းချမ်းခြင်း မယ်တော်ပွဲကိုလည်း ဖေဖော်ဝါရီလ (၈၊၉) ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။ အဆိုပါ မယ်တော်ပွဲတွင် ဟားခါး သာသနာနှင့် ကလေးသာသနာတို့၏ ဖခင်ကြီးဖြစ်သည့် မန္တလေး ဂိုဏ်းချုပ်ဆရာတော်ကြီး (ငြိမ်း) နီကောလတ်စ် ဦးမန်းထန် ကြွရောက်လာနိုင်ခဲ့သည့်အတွက် ဘုန်းတော်ကြီးများနှင့် ဘာသာတူများက ပိုပြီး အားရပျော်ရွှင်မှုရှိကြပါသည်။ ဂုဏ်တော်ဆောင့်ပွဲနှင့် မယ်တော်ပွဲများတွင် ဆရာတော်ကြီး (၂) ပါး၊ ဘုန်းတော်ကြီး (၁၁၃) ပါး နှင့် ဘာသာတူဦးရေ (၅၀၀၀)ခန့် ပါဝင်ခဲ့ရာ အရင်နှစ်များထက် ပိုမိုပြီး စည်ကား သိုက်မြိုက်စွာ ပြုလုပ်ကျင်းပခဲ့ကြပါသည်။

ကျောက်မဟာ
(OSC KALAY)






(၁၇)ကြိမ်မြောက် မိုင်နွဲ ငြိမ်းချမ်းခြင်း မယ်တော်ပွဲ ကလေးသာသနာ





# ကက်သလစ် လူငယ်မောင်မယ်များ ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း အခမဲ့တက်ရောက်နိုင်မည့်သတင်း




မြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်ကော်မရှင်နှင့် ကရုဏာမြန်မာစည်းလုံးညီညွတ်ရေးအသင်းမှ တာဝန်ရှိသူတို့ ပူးပေါင်း၍ " ဧည့်ဝန်ဆောင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း” ( HOSPITALITY TRAINING PROGRAM ) အား ကက်သလစ် လူငယ်များအား သင်ကြားပေး နိုင်ရေးအတွက် စည်းဝေးဆွေးနွေးမှု တစ်ခုကို ( ၁၃.၂.၂၀၂၀) ရက်နေ့က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကော်မရှင်ရုံးခန်း၌ လုပ်ဆောင်ခဲ့သည်ဟုသိရှိရပါသည် ။ စည်းဝေးပွဲသို့ သာသနာ(၁၄)ခုမှ လူငယ်ဒါရိုက်တာဘုန်းတော်ကြီးများ ၊ KMSS ( NATIONAL ) မှ တာဝန်ရှိသူများ ၊ NCYC မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါတယ် ။ ထိုကဲ့သို့ သင်တန်းဖွင့်လှစ် ပို့ချပေးရခြင်း အဓိက ရည်ရွယ်ချက်သည် ကက်သလစ် လူငယ်မောင်မယ်များ သင်တန်းတက်ရောက်ခြင်းဖြင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းများ ပြည့်ဝလာပြီး ဘဝရပ်တည် နေထိုင်မှုအတွက် လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချကာ ပိုမိုကောင်းမွန်သော ဝင်ငွေများ တိုးပွားလာနိုင်စေရေးအတွက် ရည်ရွယ်၍ ယခုကဲ့သို့ လုပ်ဆောင်ပေးခြင်း ဖြစ်တယ်လို့ သိရှိရပါတယ်။ အဆိုပါ သင်တန်းအတွက် ရန်ပုံငွေအား MISSIO အသင်းအဖွဲ့မှ ပံ့ပိုး ကူညီပေးခြင်း ဖြစ်ပြီး MOBILE HOSPITALITY CONSULTANCY မှ တာဝန်ယူ သင်ကြားပေးသွား မှာဖြစ်တယ်ပါတယ်။ ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ မန္တလေးဂိုဏ်းချုပ်သာနာ နှင့် တောင်ကြီး ဂိုဏ်းချုပ်သာသနာ ဟူ၍ သုံးခုရှိသည့်အနက် ယခုသင်တန်းအား မန္တလေးဂိုဏ်းချုပ်သာသနာတွင် ပထမဆုံးအကြိမ် လုပ်ဆောင်ခြင်းဖြစ်ပြီး မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာအတွင်းရှိ မန္တလေး၊ မြစ်ကြီးနား ၊ ဗန်းမော်၊ လားရှိုး၊ ကလေး ၊ ဟားခါး၊ စတဲ့သာသနာများမှ သာသနာတစ်ခုလျှင် လူငယ် (၄) ဦးစီသာ တက်ရောက် ခွင့်ရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။ သင်တန်းတက်ရောက်မည့် သူများသည် စားရိတ်ငြိမ်း အခမဲ့ တက်ရောက်နိုင်ခွင့်ရှိပြီး အိမ်ရှင်အဖြစ် လက်ခံ ဆောင်ရွက်ပေးသည့် သာသနာမှ သင်တန်းနေရာအား စီစဉ် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း သိရှိရပါသည်။ သင်တန်းအား တစ်နှစ် လျှင် (၂) ကြိမ် ပို့ချပေးသွားမှာ ဖြစ်ပါသည်။ သင်တန်းကာလ အနေ၂ဖင့် တစ်လကြာမြင့်မည် ဖြစ်ပြီး ၊ စာတွေ့၊ လက်တွေ့ နှစ်မျိုးဖြင့် ပို့ချပေးသွားမည်ဟု သိရှိရပါသည်။ ပထမ အကြိမ် ပြုလုပ်ပို့ချမည့် ခရီးဦးကြိုဆိုသူ (RECEPTIONIST) သင်တန်းအား ၂၀၂၀ ခုနှစ် မေလ (၄) ရက်နေ့မှ ဇွန်လ (၅) ရက်နေ့ထိ လားရှိုးဂိုဏ်းအုပ်သာသနာ၌ လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါသည်။ ပထမ အကြိမ် သင်တန်းအတွက် တက်ရောက်လိုသူသည် ပညာအရည်အချင်းအနေဖြင့် အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့်အောင်မြင်သူ၊ ကွန်ပျူတာ အခြေခံရှိသူ၊ အင်္ဂလိပ်စကားအခြေခံရှိသူဖြစ်ရပါမည်ဟု သိရှိရပါသည်။ ဒုတိယအကြိမ် ပြုလုပ်မည့် (အစားအသောက် တည်ခင်းဧည့်ခံသူ) (WAITING STAFF) သင်တန်းအား ၂၀၂၀ ခုနှစ် စက်တင်ဘာလ၌ မန္တလေး ဂိုဏ်းချုပ်သာသနာတွင် လုပ်ဆောင်သွားမည်ဟု သိရှိရပါသည်။ ဒုတိယအသုတ်အတွက် တက်ရောက်လိုသူသည် အခြေခံပညာ အထက်တန်းအဆင့် နဝမတန်းအထိ တက်ရောက်အောင်မြင်သူ ဖြစ်ရမယ်လို့သိရှိရပါတယ်။ သင်တန်း တက်ရောက်လိုသူများအနေဖြင့် အသက် (၁၈)နှစ်မှ (၃၅) နှစ်အတွင်းရှိသူဖြစ်ရပါမည်။ သက်ဆိုင်ရာ လူငယ်တာဝန်ခံ ဘုန်းတော်ကြီး၏ ထောက်ခံချက်ရရှိသူ ၊ ဟိုတယ်နှင့် ဧည့်ဝန်ဆောင်မှု အလုပ်အကိုင်ရရှိရန် စိတ်အားထက်သန်သူ၊ လိုက်လျောညီထွေရှိပြီး လူမှုဆက်ဆံရေး ကောင်းမွန်သူ၊ ရိုးသားကြိုးစားပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက် တတ်သူဖြစ်ရပါမယ်။ စိတ်ပါဝင်စားသူ လူငယ်မောင်မယ်များအနေဖြင့် မိမိတို့ သာသနာအတွင်းရှိ သက်ဆိုင်ရာ လူငယ် တာဝန်ခံများဆီသို့ ဆက်သွယ်၍ သင်တန်းဝင်ခွင့် လျှောက်လွှာများကို ထုတ်ယူနိုင်၍ လျှောက်ထားနိုင်ကြောင်းသိရှိပါသည်။ နောက်နှစ်များတွင် ကျန်ရှိသော ဂိုဏ်းချုပ်သာသနာများတွင် ဆက်လက် ပို့ချပေးသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

News by – Pinky Thiri Kyaw

Photo Credit - Mexi Menu

## SSVP ၏ သက်ကြီး ပူဇော်ပွဲအခမ်းအနား

ပုသိမ်ဂိုဏ်းအုပ်ဆရာတော်အပိုင် ပုသိမ်ကက်သလစ်သာသနာ၊ ပုသိမ်မြို့ စိန့်ဗင့် ဆင်းဒီပေါလ်အသင်းမှ ကြီးမှူး၍ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ၈-၂-၂၀၂၀နေ့ နံနက် ၈-နာရီတွင် ဝင်လိုသူများ အဆောင်၌ကျင်းပပါသည်။ အခမ်းအနားကို Fr. Paul မှ အဖွင့်ဆု တောင်းမေတ္တာဖြင့် ဖွင့်လှစ်ပေးပြီး ဩဝါဒမြွက်ကြားခဲ့ပါသည်။ ထို့နောက် အသင်းဥက္ကဌ အန်ထော်နီဦးအောင်သူရမှ နှုတ်ခွန်းဆက်အမှာစကား ပြောကြားပါသည်။ ဆက်လက်၍ အ သက် (၇၀)နှင့်အထက် မိဘများအား ကန်တော့လက်ဆောင်များဖြင့် ကန်တော့ခဲ့ကြပါသည်။ မိဘများကိုယ်စား အဘိုးဦးဖရန်စစ်မှ ကျေးဇူးတင်စကားပြန်လည်ပြောကြားရင်း ဆုတောင်း မေတ္တာများလည်း ပို့သပေးခဲ့ပါသည်။ ထို့နောက်အပိတ် ဆုတောင်းမေတ္တာရွတ်ဆိုကြလျက် ဘုန်းတော်ကြီး၏ ကောင်းချီးတော်ကိုခံယူကြပြီး အခမ်းအနားကို ရုတ်သိမ်းခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)



## ဘာသာပေါင်းစုံဆုတောင်းပွဲနှင့်ငြိမ်းချမ်းရေးစကားဝိုင်း

ငြိမ်းချမ်းမေတ္တာ (ပုသိမ်)အဖွဲ့၏ ဘာသာပေါင်းစုံဆုတောင်းပွဲနှင့် ငြိမ်းချမ်းရေးစကားဝိုင်းကို ၈-၂-၂၀၂၀ နေ့၊ နံနက် ၉-နာရီတွင် RCM ကျောင်းခန်းမ၊ ကက်သလစ်ဘုရားကျောင်း၊မရမ်းချောင်းကျေးရွာ ပုသိမ်မြို့တွင် ကျင်းပခဲ့ပါသည်။ ဦးစွာ ဘာသာရေး ခေါင်းဆောင်များမှ ငြိမ်းချမ်းရေး ဖယောင်းတိုင်ကိုထွန်း ညှိခဲ့ကြကာ ကက်သလစ်လူငယ်များမှ ‘မင်္ဂလာပါ’ တေးသီချင်းဖြင့် ကြိုဆိုဂုဏ်ပြုခဲ့ကြပါသည်။ ဆက်လက်ပြီး ဘာသာကြီး(၄)ဘာသာတို့မှ ငြိမ်းချမ်းရေး ဆုတောင်းမေတ္တာပို့သခြင်းနှင့် ဓမ္မပူဇာတေးပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ ထို့အပြင် ကက်သလစ်အသင်းတော်မှ ဆရာတော်ဂျွန်မန်းဆိန်းဟိုမှ ငြိမ်းချမ်းရေး တရားဟောကြားပေးခဲ့ပါသည်။ သိက္ခာတော်ရ ဆရာဦးထွန်းလှမှလည်း ငြိမ်းချမ်းရေး ဆုတောင်းမေတ္တာ ပို့သပေးပါသည်။ ရှေ့လုပ်ငန်းစဉ်များအတွက် ဆက်လက် ဆွေးနွေးကြပြီး ကက်သလစ် လူငယ်များ၏ ‘သက်မြတ်စမ်းရေ’ ဓမ္မတေးကို သီဆိုကျေးကာ အခမ်းအနားကို ရုတ်သိမ်း ခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)



# မော်လမြိုင် ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှ (၂)နှစ်နှင့် (၂)နှစ်အောက်ကလေး သူငယ်များအားကျွေးမွေးပြုစုခြင်းနှင့်ကျန်းမာရေးအသိပညာပေးသင်တန်းပြုလုပ်။



မော်လမြိုင် ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှ (၂)နှစ်နှင့် (၂)နှစ်အောက်ကလေးသူငယ်များအားကျွေးမွေးပြုစုခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ပြုစုပျိုးထောင်ခြင်းအသိပညာပေး သင်တန်းနှင့် ပြန်လည် သုံးသပ်ခြင်းကို မော်လမြိုင်၊ သန့်ရှင်းသောအိမ်ထောင်စု ဘုရားကျောင်းဝင်းတွင် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ (၃) ရက်နေ့ မှ (၇)ရက်နေ့ထိ ပြုလုပ်ခဲ့ပါသည်။ ဤသင်တန်းကိုနှစ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ သင်တန်းရဲ့ အဓိကရည်ရွယ်ချက်မှာ ကျေးရွာမှာရှိသောမိခင်ခေါင်းဆောင်များနှင့် အရံသားဖွားဆရာမများနှင့် အတူပူးပေါင်းပြီး ကလေးသူငယ်များ၏ကျန်းမာရေးနှင့် အဟာရ မြှင့်တင်ခြင်းကို ဦးစားပေးပြီး ဆောင်ရွက်နေပါသည်။ သင်တန်းသို့ တက်ရောက်လာသော မိခင်များထဲမှ တစ်ချို့သည် အရံသားဖွားဆရာမများ ပါဝင်ပါသည်။ တက်ရောက်လာသော မိခင်နှင့် အရံသားဖွားဆရာမတွေကတကယ်ဆေးခန်းဆေးရုံနှင့် ဝေးကွာသောရွာများနှင့် အရံသားဖွားဆရာ/မများရှိသော ရွာများကို ဦးစားပေးပြီး ရွေးခေါ်ထားခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ရွေးချယ်ခေါ်ယူရခြင်းမှာ အဓိကတစ်လတစ်ကြိမ် ကာကွယ်ဆေးတွေကို မှန်မှန်ရရှိဖို့ရန်ဖြစ်ကြောင်း သင်တန်းတာဝန်ခံ နော်လူစီယားမှပြောပါသည်။ ရွေးချယ်ခေါ်ယူထားသောရွာများအားလုံးပေါင်း (၁၅)ရွာနှင့် ပါဝင်တက်ရောက်သော မိခင်စုစုပေါင်း (၅၅)ယောက်ရှိပါသည်။ (၂)နှစ်နှင့်(၂)နှစ်အောက် ကလေးသူငယ်များအား ကျွေးမွေးပြုစုခြင်း၊ ကျန်းမာရေး နှင့် ပြုစုပျိုးထောင်တဲ့ နေရာမှာအရံသားဖွားနှင့် မိခင်များ၏ အများဆုံး တွေ့ကြုံနေရတဲ့ ရောဂါအခက် အခဲတွေကတော့ ကလေးများ ဝမ်းပျက် ဝမ်းလျှော၊ ဝက်သက်၊ ဂဲယား၊ ချောင်းဆိုးရောဂါများအဖြစ်အများဆုံးဖြစ် ကြောင်းမိခင်များမှ တင်ပြကြပါသည်။

MAWLAMYINE-OSC

## ဗန်းမော်သာသနာ သတင်း

ဗန်း မော်ဂိုဏ်းအုပ်သာသနာမှ ဘုန်းတော်ကြီးများ၏ နှစ်ပတ်လည်ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးကို ဖေဖော်ဝါရီလ ၃-၈ ထိ ပြုလုပ်ကျင်းပခဲ့ပါသည်။ ဝတ်စောင့်ခြင်းကို ဖေဖော်ဝါရီ ၃-၆ ထိဖြစ်ပြီး FR. GIRISH SANTIAGO (SJ) မှဦးဆောင်ပေးခဲ့ပြီး နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၇-၈ ထိ ဘုန်းတော်ကြီးများ၏ နေအိမ်သုံးထပ်ဆောင်၌ပြုလုပ်ခဲ့ကြပါသည်။













## ညောင်လေးပင်မယ်တော်ပွဲ ယခုနှစ်တွင် ကျင်းပတော့မည် မဟုတ်ကြောင်း ဖေဖော်ဝါရီလ ၂၈ရက်နေ့က ကာဒီနယ် ချားလ်စ်ဘိုမှ ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၁၄ မှ အဆက်

### ရာသက်ပန်ကတိသစ္စာခံယူပြီးသော စိန်ဖရန်စစ် ဖေးဗီးယား သီလရှင် SR.ELIZABETH စုစုထွေး နှင့်တွေ့ဆုံမေးမြန်းခြင်း



ကျမနာမည်ကတော့SR.ELIZA-BETH စုစုထွေးဖြစ်ပါတယ်။ ကျမရဲ့မွေးရပ်မြေက မန္တလေးတိုင်း- ကျောက်ဆည် မြို့နယ်- ဆင်ဖြူကျေးရွာ ဖြစ်ပါတယ်။ မွေးချင်း ၉ယောက်မှာ ၈ယောက်မြောက် သမီးဖြစ်ပါတယ်။ ကျမ SR.ဖြစ်ချင်တဲ့ဆန္ဒက, ကျမကိုယ်တိုင် ဘုရားစကားကို သိချင်-တတ်ချင်တယ်။ ပြီးရင် ကလေးတွေကို ဘုရားစကား သင်ပေးချင်တဲ့ ဆန္ဒကြောင့်ဖြစ်ပါတယ်။ကျမရဲ့ခေါ်တော်မူခြင်းအစကမိဘနှစ်ပါးဖြစ်ပါတယ်။ သူတို့နှစ်ဦးက ဘုရားတရားရှိတယ်။ မယ်တော်ရဲ့ရှေ့မှာ ဒူထောက်ပြီး ဆုတောင်းပုံတွေ၊ အလုပ်မအားတဲ့ကြားက မစ္ဆားမှန်မှန်တက်တဲ့ အကျင့်ပုံစံလေးတွေက ကျမကို သူတော်စင်ဘဝရောက်ဖို့ ခွန်အား ဖြစ်စေခဲ့ပါတယ်။ ကျမရဲ့အဖေက ကျမငယ်စဉ်ဘဝမှာ တရားထောက်တယ် ဘုရားကျောင်းတတ်တယ်/ဘုန်းကြီးတွေ Sr တွေဆို အရမ်းရိုသေလေးစားစွာ ပြောဆို နှုတ်ဆက်တတ်တယ်။ ဒါဟာလည်း ကျမတို့ကျင့်ကြံအပ်တဲ့ တာဝန်လို့ သိခဲ့ရပါတယ်။ အမေက ထမင်းချက်ရင်း စိတ်ပုတီးစိပ်တယ် လယ်တောမှာ ထမင်းသွားပို့ရင်း စိတ်ပုတီးစိပ်တယ် ညပိုင်းမှာ ဘုရားစင်ရှေ့မှာ ထိုင်ပြီး စိတ်ပုတီးစိပ်တယ်။ ကျမလည်း အမေနဲ့အတူ စိတ်ပုတီးလိုက်စိပ်လေ့ရှိပါတယ်။ အဲ့လို အကျင့်ပုံစံက ကျမစိတ်ပုတီး မစိပ်ရရင် အိပ်မပျော်တဲ့အခါတွေတောင် ရှိပါတယ်။မိဘနှစ်ပါးရဲ့ကောင်းတဲ့ပုံသက်သေက ခေါ်တော်မူခြင်းရဲ့ အစလို့ ပြောလို့ရပါတယ်။ အရွယ် ရောက်လာတဲ့ အချိန်မှာ ကျမ်းစာတွေဖတ်ချင်လာတယ် ကျမသိရုံတင်မက တစ်ပါးသူကို ပြန်လည်ဝေမျှပေးချင်ခဲ့ပါတယ်။ ဒါကြောင့် ဘာသာတရားကျယ်ကျယ်ပြန့်ပြန့် သိစေဖို့ သီလရှင်ဖြစ်သင်တန်းကျောင်းကို ၂၀၀၉မှာ စတင် ဝင်ရောက်ခဲ့ပါတယ်။ ဝင်လိုသူ ဘဝကို စတင်ဝင်ရောက်တဲ့အချိန်မှာ အခက်တွေများစွာရှိပါတယ်။ ဘော်ဒါ မနေဖူးတာကြောင့် လူအများနဲ့ နေထိုင်တတ်ဖို့၊ အများနဲ့အတူ လက်ရေတစ်ပြင်ထဲစားသုံးနိုင်ဖို့၊အများနဲ့အတူတကွ နားယူအိပ်စက်တတ်ဖို့ ဆိုတာတွေက ကျမတွက် အခက်ခဲတစ်ခုလို ခံစားခဲ့ရပါတယ်။ ဒါတွေအားလုံးကို မိမိရဲ့ခေါ်တော်မူခြင်းဖြစ်ချင်ဆန္ဒကို မကြာခဏ ပြန်စဉ်းစားပြီး ခွန်အားယူကာလျှောက်လှမ်းခဲ့ပါတယ်။ ၂၀၀၉-ASPIRANCY -ဝင်လိုသူအဆင့်/၂၀၁၀-PRE-POSTULANCY- အကြို တောင်းခံသူအဆင့်/၂၀၁၁-POSTULANCY- တောင်းခံ သူအဆင့်နှင့် ၂၀၁၂မှ၂၀၁၄ တွင် NOV-ICE- သီလရှင်လောင်း အဆင့်ဆင့်ကို လျှောက် လှမ်းခဲ့ပါတယ်။ ၁.၂.၂၀၁၄ မှာ ပ ထ မ က တိ သ စ္စာ ကို ဆို ခဲ့ ပါ တ ယ် ။ ၁.၂.၂၀၂၀ မှာ ရာသက်ပန်ကတိသစ္စာကို ဆိုခဲ့ပါတယ်။ မိမိရဲ့ ဘုရားခေါ်တော်မူခြင်းတိုင်းမှာ တခုမဟုတ် တစ်ခုခုတော့ အခက်ခဲပြဿနာကြုံတွေ့ရ မှာပါ။ ဒီအချိန်မှာ ကျမတို့ရဲ့ အစမူလ ခေါ်တော်မူခြင်း ဆန္ဒလေးကို ပြန်တွေးပြီး ကျမ တို့ရဲ့ ဦးတည်ချက်ပန်းတိုင် ခရစ်တော်ကို စွဲစွဲမြဲမြဲ လက်ကိုင်ထားပြီး လျှောက်လှမ်း မယ်ဆိုရင် ကျမတို့ရဲ့မျှော်လင့်ချက်ပန်းတိုင်ဆီရောက်မှန်အမှန်ပါ။ မိဘနှစ်ပါးဟာ ကျမတို့ရဲ့ လက်ဦးဆရာဖြစ်တာကြောင့် ရိုးရှင်း သောပုံစံလေးများဖြင့် သားသမီးများကို လမ်းကောင်း ပြနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

CBCM OSC











စာမျက်နှာ - ၂၄ မှ အဆက်

ပီတာလွီးစ်းကျာခူ၏ အန္တိမရျာပန အခမ်းအနားကို ဖေဖော်ဝါရီလ (၂၄)ရက်နေ့၊ နံနက် (၉)နာရီတွင် ကျိုင်းတုံမြို့ရှိ အလွန်သန့်ရှင်းစင်ကြယ်တော်မူသော မာရီယား၏ နှလုံးတော်ကာသီဒြယ်ဘုရားကျောင်း၌ပြုလုပ်ကျင်းပခဲ့ပါသည်။ ဖေဖော်ဝါရီလ (၂၂) ရက်နေ့ ညနေ(၅)နာရီတွင် တောင်ကြီးဂိုဏ်းအုပ်သာသနာ၊ သာသနာပိုင်ဆရာတော်ကြီးဘာစီးလီယိုအားသိုက်မှဦးဆောင်ကာ ဆရာတော် ပီတာလွီးအတွက် မစ္ဆားတရားတော်မြတ်ကိုတင်ပူဇော်ခဲ့ပါသည်။ ဖေဖော်ဝါရီလ(၂၃)ရက်နေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ဂိုဏ်းအုပ်ဆရာတော်ကြီးများရောက်ရှိလာကာ ၎င်းနေ့ ညနေ(၅) နာရီတွင် ဆရာတော်ကြီးများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကလေးဂိုဏ်းအုပ်သာသနာ၏ သာသနာပိုင်ဆရာတော် ဖိလစ်လျန်းခင်းထန်မှ ဦးဆောင်၍ ကြွရောက်လာသော ဆရာတော်ကြီးများနှင့်အတူ မစ္ဆားတရားတော်မြတ်ကို တင်ပူဇော်ခဲ့ပါသည်။ ၎င်းမစ္ဆားတရားတွင် ဖယ်ခုံဂိုဏ်းအုပ်သာသနာ၊ သာသနာပိုင်ဆရာတော်ပီတာလှုမှ ဩဝါဒမြွက်ကြားခဲ့ပါသည်။ ဖေဖော်ဝါရီလ (၂၄)ရက်၊ နံနက်(၉)နာရီတွင် ရျာပနအခမ်းအနားကို စတင်ကာ ဆရာတော်ပီတာလွီး၏ ရုပ်ကလပ်ကို ပီးမေခန်းမဆောင်မှ ကာသီဒြယ်ဘုရာကျောင်းသို့ ရဟန်းတော်များ၊ ဘရာသာများ၊ဓမ္မဆရာများ၊ဖခင်များအဖွဲ့နှင့်လူငယ်အဖွဲ့တို့မှ ပင့်ဆောင်ခဲ့ကြပါသည်။ ရျာပနမစ္ဆားတရားကို ကာဒီနယ်ချားစ်ဘိုမှ ဦးဆောင်ကာ ဆရာတော် ဘာစီးလီယို အားသိုက်၊ ဆရာတော် မာကုတင်ဝင်း၊ ဆရာတော်ဖီးလစ်ဇပေါင်း၊ ဆရာတော် ဂျွန်မန်းဆိန်းဟို၊ ဆရာတော်ဂျက်စတင်း စောမင်းသိုက်၊ ဆရာတော် ဖဲလစ်လျန်းခင်ထန်၊ ဆရာတော်ပီတာလှ၊ ဆရာတော် စတီးဗင်း၊ ဆရာတော်ရေမွန်ဆွမ်လွတ်ဂမ်၊ဆရာတော်ဂျွန်စောယောဟန်နှင့် ဆရာတော် မာတီးယားဦးရွှေ(ငြိမ်း)တို့နှင့်အတူ တင်ပူဇော်ခဲ့ပါသည်။ ဆရာတော် ပီတာလွီးစ်သည် ရှမ်းပြည်၏ သံမဏိနင်းဆီ ဖြစ်ကြောင်း ဆရာတော် ဂျွန်မန်းဆိန်းဟိုမှ ဩဝါဒပေးမြွက်ကြားခဲ့ပါသည်။ ပေးပို့လာသော သဝဏ်လွှာများကို မစ္ဆားတရားအဆုံး၌ ဖတ်ကြားခဲ့ပြီး၊ ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြန့်ပွားရေး ရုံးတော် ဥက္ကဋ္ဌ ကာဒီနယ်လွီးစ်အန်တိုနီရိုတာဂ်လေ၊ မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့မှလည်း ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ပါသည်။ ဖေဖော်ဝါရီလ(၂၀)ရက်နေ့ နေ့စွဲဖြင့်ပေးပို့လာသော ကာဒီနယ်တာဂ်လေထံမှ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ကာဒီနယ်ချားစ်ဘိုမှ ဖတ်ကြားပေးခဲ့ပါသည်။ အဆိုပါ သဝဏ်လွှာ၌ ဆရာတော်ကြီး ပီတာလွီးစ်ကျာခူ ပျံလွန်တော်မူခြင်းအကြောင်းကို ဝမ်းနည်းခြင်း များစွာဖြင့် ကျွန်ုပ်တို့ကြားသိခဲ့ရပါသည်။ကျွန်ုပ်တို့၏ နှလုံးသားထဲမှ ဖြစ်ပေါ်လာသော ဝမ်းနည်းခြင်းနှင့်အတူ၊ ဆုတောင်း မေတ္တာကို ကျိုင်းတုံဂိုဏ်းအုပ် သာသနာအတွက် အလေးအနက်ထားဖော်ပြလိုက်ပါသည်။ သာသနာတော် ပြန့်ပွားရေး ရုံးတော် အနေဖြင့် သာသနာပြုလုပ်ငန်း၌ ဆရာတော်ကြီး၏ စိတ်ဇွဲထက်သန်မှုကို အသိအမှတ်ပြုလျက် သူ၏ဝိညာဉ်ကိုထာဝရဘုရားသခင်၏သနားကရုဏာတော်သို့ အစဉ်ထာဝရ အပ်နှံလိုက်ပါသည်ဟု ဖော်ပြထားပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ပေးပို့သော ဝမ်းနည်းကြောင်းသဝဏ်လွှာကို ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်မှ ဖတ်ကြားပေးခဲ့ပါသည်။မစ္ဆားတရားတော်မြတ်အပြီး ရျာပန ဝတ်ပြုခြင်းကို ဘုရားကျောင်းအတွင်း၌ကာဒီနယ်ချားစ်ဘိုမှ ဦးဆောင်ခဲ့ပြီး၊ မြေမြှုပ်သင်္ဂြိုလ်ခြင်းတွင် ဂိုဏ်းချုပ်ဆရာတော်အားသိုက်မှ ဦးဆောင်ခဲ့ပါသည်။ ၎င်းနောက်ကာဒီနယ်နှင့် ဆရာတော်ကြီးများ၊ရဟန်းတော်များ၊စစ္စတာများ၊ဘရာသာများနှင့် ဓမ္မမိတ်ဆွေများနှင့် ဘာသာသူသားသမီးများမှ ဂါရဝပြုခဲ့ကြပါသည်။

OSC-MYANMAR(CBCM)













ဘုန်းတော်ကြီး ဖာသာ ဂျိုးဇက် မောင်ဂင်း
မွေးနေ့ - ၂၈.၃.၁၉၅၃
ရဟန်းသိက္ခာခံယူသည့်နေ့ - ၁၉.၃.၁၉၈၁
ပျံလွန်တော်မူသည့်နေ့ - ၂၃.၂.၂၀၂၀



ဘုန်းတော်ကြီး ဖာသာ ရယ်ဂျီဆာလ်ဂေးဒိုး
မွေးနေ့ - ၁၈.၉.၁၉၃၉
ရဟန်းသိက္ခာခံယူသည့်နေ့ - ၈.၃.၁၉၆၉
ပျံလွန်တော်မူသည့်နေ့ -၂၅.၂.၂၀၂၀




ငါသည်ရှင်ပြန်ထမြောက်ခြင်းဖြစ်၏။ အသက်လည်းဖြစ်၏။
ငါ့ကိုယုံကြည်သောသူသည် သေပြီးသော်လည်း အသက်ရှင်လိမ့်မည်။
အသက်ရှင်၍ ငါ့ကိုယုံကြည်သောသူတိုင်းသည်လည်း မည်သည့်အခါမျှ
သေရလိမ့်မည်မဟုတ်။
ရှင်ယောဟန် ၁၁း၂၅-၂၆



# မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် လူထုဆက်သွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ကျိုင်းတုံဂိုဏ်းအုပ်သာသနာ၏ သာသနာပိုင်ဆရာတော်ကြီး ပီတာလွီးစ်ကျာခူ၏ အန္တိမစျာပန အခမ်းအနား

## ကျိုင်းတုံကက်သလစ်သာသနာတော်မှ စတုတ္ထမြောက် သာသနာပိုင် ဆရာတော်ကြီးပီတာလွီးစ်ကျာခူ၏ သမိုင်းမှတ်တမ်းအကျဉ်း

ဆရာတော်ကြီးပီတာလွီစ်ကျာခူသည် ၁၉၅၂ ခုနှစ်၊ မတ်လ(၂၃)ရက်နေ့တွင် အဖဦးလွီးဂျီကျာအူနှင့် အမိဒေါ်လူစီးယာနာဖဲတို့မှ မိုင်းခတ်သာသနာအုပ်စု၊ နားလင်းရွာတွင်ဖွားသန့်စင်ခဲ့ပါသည်။ ငယ်စဉ်ဘဝမှာ အစ်မဖြစ်သူမာရီးယားနှင့် အတူ စိန် မေရီကရုဏာရေးသီလရှင်ကျောင်းတွင် သာသနာပြုသီလရှင်ကြီးများ၏ ပြုစုထိန်းသိမ်းမှုအောက်တွင် ကြီးပြင်းလာခဲ့ရပြီး လူလတ်ပိုင်းဘဝမှာလည်း စိန်လွီးစ်ဘော်ဒါကျောင်းတွင်သာသနာပြု(ပီးမေ)ဘုန်းတော်ကြီးများ၏ လေ့ကျင့်ပျိုးထောင်မှု အောက်တွင်ကြီးပြင်းလာခဲ့သူဖြစ်ပါသည်။ မိဘ (၂) ပါးနှင့်အစ်မဖြစ်သူတို့မှာအကြွေစောသဖြင့် သာသနာပြုများ၏ စောင့်ရှောက်မှုအောက်တွင် ကြီးပြင်းလာခဲ့သည်။

၁၉၆၆ မှ ၁၉၆၈ခုနှစ်အထိ တောင်ကြီး (မိုင်နာဆေမေနာရီ) ကျောင်းတွင်လည်းကောင်း၊ ၁၉၆၈ မှ ၁၉၇၂ ကျိုင်းတုံတွင်လည်းကောင်း၊ ၁၉၇၃ မှ ၁၉၇၅ ထိ ရန်ကုန်(ပဲခူး)တွင်လည်းကောင်း ပညာသင်ကြားခဲ့ပါသည်။ ၁၉၇၆ခုနှစ်တွင် ဆရာတော်အေသန်းထံမှ ကိုရင်ဝတ်ရုံကိုခံယူပြီး ရန်ကုန်ရဟန်းဖြစ်တက္ကသိုလ်သို့ တက်ရောက်ကာ ဆက်လက် ပညာသင်ယူခဲ့ပါသည်။ ၁၉၈၂ ခုနှစ်၊ ဧပြီလ(၄)ရက်နေ့တွင် ဆရာတော်အေသန်း၏ လက်တော်မှ မြတ်သောရဟန်းသိက္ခာကိုခံယူခဲ့သည်။ ရဟန်းသိက္ခာခံယူပြီးနောက် ဘုန်းတော်ကြီး ပီတာလွီးစ်သည် (၁၉၈၂ မှ ၁၉၈၃)ခုနှစ်ထိ လက်ထောက်ကျောင်းထိုင်အဖြစ် ကျိုင်းတုံမြို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၈၄ မှ ၁၉၉၄)ခုနှစ်တိုင် နောင်ကန်အနာကြီးရိပ်သာနှင့် စိန်ပီတာအုပ်စုငယ်၏ ကျောင်းထိုင်



ဘုန်းကြီးအဖြစ် တာဝန်ယူထမ်းဆောင်ရင်း ရဟန်းဖြစ်သင်ကျောင်းကိုလည်း(၂)နှစ်တာ ပူးတွဲတာဝန်ယူခဲ့သည်။ထို့နောက်မှ(၁၉၉၅ မှ၁၉၉၇)ခုနှစ် တုံကွမ်သာသနာအုပ်စ ငယ်တွင် တာဝန်ထမ်းဆောင်နေစဉ် ကျိုင်းတုံသာသနာအတွက် လိုအပ်နေသော အကူသိုးထိန်းဆရာတော်အဖြစ် ရွေးချယ်ခံရသဖြင့် ၁၉၉၇ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက်နေ့တွင် ရဟန်းမင်းကြီး ကိုယ်စားလှယ်တော် ဂိုဏ်းချုပ်ဆရာတော်ကြီး လွီးဂျီဘရမ်ဆမ်၏ လက်တော်မှ ဘိသိက်မင်္ဂလာခံယူခဲ့သည်။

၂၀၀၂ခုနှစ်၊ ဇန်နဝါရီလ(၂၅) ရက်နေ့တွင် ရဟန်းမင်းကြီးကိုယ်စားလှယ် အာဒရီယားနိုဘာနာဒီးနီ လာရောက်ပြီး ဆရာတော်ကြီးပီတာလွီစ်းကျာခူအား ဂိုဏ်းအုပ်ဆရာတော်အဖြစ်တင်မြောက်ပြီး ပလ္လင်အပ်နှင်းပေးခြင်းခံယူကာ ကျိုင်းတုံကက်သလစ်သာသနာတော်၏ စတုတ္ထမြောက် သာသနာပိုင် ဆရာတော်အဖြစ် စတင်ပခုံးပြောင်းတာဝန်ယူ ထမ်းဆောင်ခဲ့သည်။

ကိုယ်ကျိုးမငဲ့ စွန့်လွှတ်စွန့်စားဘဝအသက်တာဖြင့် သာသနာ့သိုးထိန်းတော်လုပ်ငန်းတာဝန်များကို မိမိတတ်အားသမျှ ဘုရားရှင်၏ ကျေးဇူးတော်နှင့်အတူ ထမ်းဆောင်ခဲ့သည်။ ၂၀၀၇ခုနှစ်တွင် ကျိုင်းတုံကက်သလစ်သာသနာလုံးဆိုင်ရာစီးနော့အစည်းအဝေး အလုပ်ရုံဆွေးနွေးပွဲကို ဦးစီးကျင်းပနိုင်ခဲ့သည်။ သာသနာရေရှည် ခရီးချီတက်ရာ၌ ကိုယ်ထူကိုယ်ထ ရပ်တည်နိုင်သော သာသနာတော်ကြီးဆီသို့ ချီတက်နိုင်ရန် စီစဉ်ရေးဆွဲခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် သံလွင်မြစ်အရှေ့ခြမ်းရှိ ရှမ်းပြည်နယ် ရွှေတြိဂံဒေသအတွင်း ကျိုင်းတုံကက်သလစ် သာသနာတော်၏ တည်ရှိခြင်း နှစ် ၁၀၀ ပြည့်ဂျူဘီလီပွဲတော်ကို ကြီးကျယ်ခမ်းနားစွာဖြင့် ပြင်ဆင်ကျင်းပနိုင်ခဲ့သည်။

သာသနာတော်၏တည်ရှိခြင်း နှစ် ၁၀၀ ပြည့် ဂျူဘီလီနောက်ပိုင်းနှစ်များတွင် အားလုံးပူးပေါင်းပါဝင်ကာ ပြည့်ဝ စုံလင်ပြီး၊ စည်းလုံးသော ရေရှည် တည်တံ့နိုင်သည့် ကိုယ်ထူကိုယ်ထ သာသနာတော်ကြီးကို ဆက်လက်ထူထောင်နိုင်ရေး စီမံကိန်းများ ရေးဆွဲကာ သာသနာပြုခြင်း အသက်တာသစ်စီသို့ စက္ကရမင်းမင်္ဂလာတော်မြတ်ကို စီရင်ကျင်းပခြင်းနှင့် ခရစ်တော်ဘုရားရှင်၏ နှုတ်တော်ထွက်တရားတော်မြတ်ကို အခြေခံသည့် ခရစ်ယာန်သာသနာ့ အဖွဲ့အစည်းငယ်ကလေးများ ဖွဲ့စည်းတည်ထောင်ခြင်းအားဖြင့် တက်ညီလက်ညီချီတက်နိုင်ရန် ဦးဆောင်လမ်းညွှန်နေသူဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်များအဖွဲ့ချုပ်၏ ညွှန်ကြားတာဝန်ပေးအပ်ခြင်းအားဖြင့် ဆရာတော်ကြီး ပီတာလွီးစ်ကျာခူသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် လူငယ် ကော်မရှင်၏ နယကအဖြစ် နှစ်ပေါင်းများစွာ တာဝန်ယူခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် လူမှုဆက်သွယ်ရေး ကော်မီရှင်ကိုလည်းဆက်လက်ဦးဆောင်နေခဲ့သည်။

ကျိုင်းတုံကက်သလစ်သာသနာ၏ သာသနာပိုင်ဆရာတော်ကြီး ပီတာလွီးစ်ကျာခူ သက်တော်အားဖြင့် ၆၈နှစ်၊ ရဟန်းဝါတော် (၃၈)ဝါ၊ ဆရာတော်ဝါတော် (၂၃)ဝါသည်၊ ကျိုင်းတုံကက်သလစ် သာသပိုင်အဖြစ် (၁၈)နှစ်တိုင်တိုင် စွမ်းစွမ်းတမံ သာသနာပြုအမှုတော် ထမ်းဆောင်နေရင်း (၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက် နံနက် (၆.၃၀)နာရီအချိန်တွင် ကျိုင်းတုံမြို့၊ ဂိုဏ်းအုပ်ဆရာတော်ကြီး ကျောင်းတိုက်၌ ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ကြီး ပီတာလွီးစ် ကျာခူ၏ ပျံလွန်တော်မူခြင်းသည် ကျိုင်းတုံ ကက်သလစ်သာသနာအဖို့ ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ခုဖြစ်ရပါပြီ။ ဆက် လက်ပြီး ဆရာတော်ကြီး၏ အသက်ဝိညာဉ်သည် ထာဝရအေးငြိမ်းရာ ကောင်းကင်အဖ အိမ်တော်သို့ အရောက်လှမ်းနိုင်ပါမည့် အကြောင်း ဆုတောင်းပေးကြပါစို့။

FR. ALFRED ဂျေမူး (ကျိုင်းတုံ)

၂၀၂၀ခုနှစ်၊ဖေဖော်ဝါရီလ၂၀ရက်၊ နံနက်(၆း၃၀)အချိန်တွင် ပျံလွန်တော်မူခဲ့သော ကျိုင်းတုံသာသနာပိုင် ဆရာတော်

စာမျက်နှာ - ၂၂ သို့



